တပ်မတော်သားများအစုအဖွဲ့စာတမ်း

# မာတိကာ

၁။ နိုင်ငံတော်၏ မူဝါဒ ( ဗိုလ်မှူးဦးမင်းဦး)

၂။ တပ်မတော်၏ မူဝါဒ ( ဒုတိယဗိုလ်မှူးကြီး ဇော်ဦး )

၃။ လက်နက်ကိုင်လမ်းစဉ်များ ချုပ်ငြိမ်းစေရေးအတွက် အခြေခံရမည့်လုပ်ငန်းစဉ်များ (ဗိုလ်မှူးကြီး ဇော်ဝင်းမြင့်)

၄။ သဘာဝသယံဇာတ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းကိစ္စရပ်များဆိုင်ရာ ဆွေးနွေးတင်ပြခြင်း ( ဗိုလ်မှူးကြီး ဇော်ဝင်းထွန်း)

၅။ တပ်မတော်မှတင်ပြချက်များအား အကျဉ်းချုပ်တင်ပြခြင်း

၆။ အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင်ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများ၊ ဖက်ဒရယ်စနစ်၏ သဘောသဘာဝများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနှင့် တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးများအပေါ် လေ့လာသုံးသပ်ဆွေး နွေး တင်ပြခြင်း

၈။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင်ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အပေါ် ဆွေးနွေးတင်ပြခြင်း ( ဒုတိယဗိုလ်မှူးကြီး သန့်ဇော်)

၉။ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ ( IDPs) ကိစ္စရပ်များ ( ဗိုလ်မှူးထိပ်တင်ချို)

၁၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်တွင်ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများမှ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အာဏာခွဲဝေကျင့်သုံး ခြင်း တို့အား ဆွေးနွေးတင်ပြခြင်း (ဗိုလ်မှူးကြီး စိုးတင့်)

ကာကွယ်ရေးနှင့်လုံခြုံရေး
၉/၇/၂၀၁၆ Morning





## အခန်း(၁)

## နိုင်ငံတော်၏ မူဝါဒများ

**နိဒါန်း**

၁။ မြန်မာနိုင်ငံ၏ပထဝီတည်နေရာအရ လူဦးရေအဆမတန်များပြားသည့် အင်အားကြီးမားသော ကမ္ဘာ့နိုင်ငံကြီးများအကြားတွင်တည်ရှိနေခြင်း၊ လူဦးရေတိုးပွားမှုနှုန်းအလွန်မြင့်မား၍ ဧရိယာနယ်မြေ ကျဉ်းမြောင်းပြီး လူဦးရေထူထပ်သိပ်သည်းသည့်နိုင်ငံနှင့် နီးကပ်စွာတည်ရှိနေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရှင်သန်စွာနေထိုင်နိုင်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တပ်မတော်ကို Standard Army တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အခြားကမ္ဘာ့နိုင်ငံအသီးသီး၌ ၎င်းတို့၏ ကာကွယ်ရေးအတွက် တပ်မတော် တစ်ရပ်သာထားရှိကြသည့် မူဝါဒများအတိုင်းတစ်ခုတည်းသောတပ်မတော်ကို တည်ဆောက်သွားရန် မဖြစ်မနေလိုအပ်ပါသည်။

**နိုင်ငံတော်၏မူဝါဒများ**

၂။ **အမျိုးသားအကျိုးစီးပွား ။** အမျိုးသားအကျိုးစီးပွားဆိုသည်မှာ နိုင်ငံတော်၏လိုအပ်ချက်၊ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားတို့၏ လိုအပ်ချက်ပင်ဖြစ်သည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံနှင့်နိုင်ငံသားအားလုံး၏ အမျိုးသားအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်အကောင်အထည်ဖော်ရန် အတွက် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး မူဝါဒ အဖြစ်ချမှတ်ထားရှိခဲ့ပါသည်။ အခြေခံအားဖြင့် တပ်မတော်နှင့် နိုင်ငံသားအားလုံးသည် အမျိုးသားရေးမူဝါဒ ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါသည်။

၃။ **အမျိုးသားရေးမူဝါဒ။** အောက်ဖော်ပြပါ ဒို့တာဝန်အရေးသုံးပါးသည် အမျိုးသားရေး မူဝါဒဖြစ်သည်-

(က) ပြည်ထောင်စုမပြိုကွဲရေး။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

၄။ **အမျိုးသားရေးရည်မှန်းချက်များ။** အမျိုးသားအကျိုးစီးပွားတည်တံ့စေရန်နှင့် တိုးတက်ဖြစ်ထွန်း မှုများရှိစေရန်အတွက် အမျိုးသားရေး ရည်မှန်းချက်များကို အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံ၍ သတ်မှတ်ထားရှိပါသည်။ လက်ရှိတွေ့ကြုံ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများအရ အမျိုးသား အကျိုးစီးပွားဖော်ဆောင်ရာတွင် အကောင်အထည် ဖော်ရမည့် အမျိုးသားရေးရည်မှန်းချက်မှာ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့်စည်းကမ်းပြည့်ဝသော

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးပင်ဖြစ်ပါသည်။

၅။ **ပြည်ထောင်စုမပြိုကွဲရေး။** ပြည်ထောင်စု၏အားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံး၏ စုပေါင်းအား ဖြစ်သည်။ ထိုစုပေါင်းအားသည် ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင် မူတည်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအားနည်းလျှင် ပြည်ထောင်စုအင်အားယုတ်လျော့၍ စည်းလုံးညီညွတ်မှုအားကောင်းလျှင် ပြည်ထောင်စုအင်အားတောင့်တင်းခိုင်မာမည်ဖြစ်သည်။ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ အစွန်းရောက်လွန်ကဲမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပဋိပက္ခတိုက်ပွဲများအကြား၌ ပြည်ထောင်စုသားများ ဆင်းရဲဒုက္ခရောက်ကြသည့် သမိုင်းဖြစ်စဉ်ကို အလေးအနက်ဆင်ခြင်ကြရမည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ခိုင်ခိုင်မြဲမြဲဝိုင်းဝန်း လက်တွဲကြိုးပမ်းဆောင်ရွက် သွားကြရမည်မှာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်၊ အမျိုးသားရေးတာဝန်ဖြစ်သည်။

၆။ **တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။** ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားစည်းလုံးညီညွတ်ချစ်ကြည်မှုစိတ်ဓာတ်(သို့မဟုတ်) ပြည်ထောင်စုစိတ်ဓာတ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အသက်သွေးကြောသဖွယ်အရေးကြီးလှပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာရှိသော နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ တိုင်းရင်းသားလူမျိုးများအားလုံး၏ သွေးစည်းညီညွတ်ရေးကို မဖြစ်မနေဦးစားပေးတည်ဆောက်သွားနိုင်မှသာလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်ဂုဏ်ရှိစွာ အစွန့်ရှည်ကြာတည်တံ့နိုင်ပေမည်။

၇။ **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။** နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် လိုလောက်သည့် အခြေခံအကြောင်းတရားများကို စုစည်းဖြစ်ပေါ်လာစေမည့်အဓိကလိုအပ်ချက်မှာ အချုပ်အခြာအာဏာပင်ဖြစ်ပါသည်။ အုပ်ချုပ်သည့်အစိုးရအတွက် လုပ်ပိုင်ခွင့်၊ လုပ်နိုင်ခွင့်အာဏာရှိမှသာ လူအများကို ထိန်းကွပ်အုပ်ချုပ်နိုင်မည်ဖြစ်ပြီး ၎င်းအချုပ်အခြာအာဏာသည် မိမိလက်ဝယ်၌သာ ရှိရမည်ဖြစ်၍ အခြားနိုင်ငံ၊ အခြားအဖွဲ့အစည်းများ၏ ဩဇာလွှမ်းမိုးမှုကင်းလွတ်မှသာ အချုပ်အခြာအာဏာပီပြင် မည်ဖြစ်ပါသည်။

**နိုင်ငံတော်၏ကာကွယ်ရေးမူဝါဒ**

၈။ တပ်မတော်သည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ် ထား၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို အမြဲတစေထမ်းဆောင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၂ တွင် အောက်ပါအတိုင်း အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည်-

ပုဒ်မ ၄၂။ (က) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။

ပုဒ်မ ၄၂။ (ခ) နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြု။

၉။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၇)၌ အောက်ပါပုဒ်မများအတိုင်း ပြဋ္ဌာန်းထားရှိပါသည်-

ပုဒ်မ ၃၃၇ ။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

ပုဒ်မ ၃၃၈ ။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင်ရှိရမည်။

ပုဒ်မ ၃၃၉ ။ နိုင်ငံတော်အား ပြည်တွင်းပြည်ပအန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။

ပုဒ်မ ၃၄၀ ။ တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေး အတွက်စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်။

ပုဒ်မ ၃၄၁ ။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်။

**တစ်ခုတည်းသောတပ်မတော်ထားရှိရေးမူဝါဒ**

၁၀။ ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတို့သည် ပြည်ထောင်စုကြီးကို စုပေါင်းကာကွယ်လျှင် မိမိတို့၏အကျိုးစီးပွားကိုလည်း ကာကွယ်ပြီးသားဖြစ်သည်ဟု မှန်ကန်စွာရှုမြင်သင့်ပါသည်။ ထို့ကြောင့်ပြည်ထောင်စုတပ်မတော်တစ်ခုတည်းကိုသာ အင်အားတောင့်တင်းရန်၊ စွမ်းရည်ထက်မြက်ရန်၊ ခေတ်မီတပ်မတော်ဖြစ်ရန်အတွက် စနစ်တကျခိုင်မာစွာဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၁၁။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး ပြည်သူကြားကပေါက်ဖွားလာသည့် တစ်ခုတည်းသောပြည်သူ့တပ်မတော်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုတပ်မတော်ပင်ဖြစ်သည်။

၁၂။ တပ်မတော်သည် ပြည်ထောင်စုတိုင်းရင်းသားအားလုံးနှင့် ဖွဲ့စည်းထားသည့် တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ဖြစ်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများကို မဖြစ်မနေ ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၈ ပါ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်း

အားလုံးသည် တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်းသည် တစ်ခုတည်းသော တပ်မတော်ထားရှိရေးမူဝါဒပင်ဖြစ်ပါသည်။

၁၄။ ကမ္ဘာ့နိုင်ငံများ၏တပ်မတော်များကို လေ့လာပါက မည်သည့် နိုင်ငံ၌မဆို တပ်မတော်တစ်ရပ်တည်းသာရှိပါသည်။ မိမိတို့တပ်မတော်သည် ပြည်သူ့ကြားမှ ပေါက်ဖွားလာသည့် တိုင်းရင်းသားပေါင်းစုံ ပါဝင်သော သမိုင်းအစဉ်အလာရှိသည့်တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ဖြစ်ပါသည်။

၁၅။ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၊ ၃၈၆ အရ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ဖော်ပြထားသည့်အတွက် မည်သည့်တိုင်းရင်းသားမဆို စစ်မှုထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ တစ်ဦးချင်းဆန္ဒအရ တာဝန်ထမ်းဆောင်ခွင့်ရှိပြီး အမြဲကြိုဆိုလက်ခံလျက်ရှိပါသည်။

Morning

၂/၇/၂၀၁၆

ကာကွယ်ရေးနှင့်လုံခြုံရေး



ဒုတိယဗိုလ်မှူးကြီး ဇော်ဦး၊ တပ်မတော်သားအစုအဖွဲ့

## အခန်း (၂)

## တပ်မတော်၏ မူဝါဒ

### တပ်မတော်၏တာဝန်

၁၆။ တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀ (င) တွင် ဖော်ပြထားသော အောက်ဖော်ပြပါ အမျိုးသားရေးမူဝါဒကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိပါသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

၁၇။ ၎င်းအပြင် တပ်မတော်သည် နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိကြောင်းကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၂၀ (စ)တွင် ဖော်ပြထားပါသည်။

၁၈။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် အောက်ပါအတိုင်း ကာကွယ်ရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) ပြည်ပမှ စစ်ရေးအရခြိမ်းခြောက်မှု၊ ကျူးကျော်မှုမှကာကွယ်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမိုးချစ်တပ်မတော် တည်ဆောက်နိုင်ရေးနှင့် ပြည်သူ့စစ်မဟာဗျူဟာ ဖော်ဆောင်နိုင်ရေးအစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) ပြည်တွင်းတိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်ပစ်ခတ်တိုက်ခိုက်မှုများသည်လည်း ပြည်တွင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသောကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်လျက် တိုင်းရင်းသားအချင်းချင်းပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

(ဂ) နိုင်ငံဖွံ့ဖြိုးရေးသည် အရေးပါသောလိုအပ်ချက်များဖြစ်ပြီး ပြည်တွင်းလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများကို ကူညီ၍ အထောက်အကူပြုဆောင်ရွက်လျက်ရှိပါသည်။

(ဃ) ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက် ရှိပါသည်။

(င) မူးယစ်ဆေးဝါးပပျောက်ရေးကိစ္စရပ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပြီး အလားတူ သမားရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုများကိုလည်း ကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်း၍ ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါသည်။

(စ) နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အချိန်မရွေး၊ နေရာမရွေး ထမ်းဆောင် နိုင်ရန်အတွက် အမြဲသတိရှိနေပြီး အမြဲအသင့်ရှိစေရေးအတွက်လည်း အမြဲလေ့ကျင့်လျက်ရှိပါသည်။

**တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ**

၁၉။ တပ်မတော်၏ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ ၆ ရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ထာဝရငြိမ်းချမ်းရေးယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်။

(ခ) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။

(ဂ) ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။

(ဃ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။

(င) နိုင်ငံတော်ကထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကိုလိုက်နာရန်။

(စ) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီအနှစ်သာရကိုလက်ခံပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်။

၂၀။ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲမထားဘဲ တစ်မိုးတည်း၊ တစ်မြေတည်းတွင် စုစည်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ အမြင်ကျယ်ကျယ်ဖြင့် မျှမျှတတဆောင်ရွက်မှသာ ငြိမ်းချမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။

၂၁။ ငြိမ်းချမ်းရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးအာမခံချက်များနှင့် ကြိုတင်သတ်မှတ်ချက်များကို အလွန်အကျွံ တောင်းဆိုနေခြင်း၊ တရားမဝင်ရယူထားသည့် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ စီးပွားရေးအခွင့်အလမ်းများကို တရားဝင်အသိအမှတ်ပြုရန် တောင်းဆိုနေခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အဓိကနှောင့်နှေးကြန့်ကြာမှုတစ်ခုဖြစ်သည်။

၂၂။ တပ်မတော်အနေဖြင့် လက်နက်ကိုင်လမ်းစဉ်များ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် NCA လက်မှတ်ရေးထိုးခြင်းနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပခြင်းတို့တွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်နက်ကိုင်လမ်းစဉ်များချုပ်ငြိမ်းရေးသည်မရှိမဖြစ် အရေးကြီးလိုအပ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ချိန်မှ သတ်မှတ်ကာလအတွင်း DDR/SSR လုပ်ငန်းစဉ်များကို ပြီးပြတ်အောင်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

၂၃။ NCAပါ နှစ်ဖက်သဘောတူညီချက်များကိုလည်း လိုက်နာစောင့်ထိန်းရန်လိုအပ်ပါသည်။ တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံး ညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မူဝါဒချမှတ်၍ ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါသည်။

၂၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးရုံဖြင့်မပြီးဘဲ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များလည်း အများအပြား ကျန်ရှိနေမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အမျိုးသားရေး အသွင်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် အတူတကွပါဝင်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူလိုသည့် ဆန္ဒရှိရန်လိုအပ်ပြီး စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်မည်ဆိုပါက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ထာဝရငြိမ်းချမ်းရေးကို မလွဲမသွေရရှိမည် ဖြစ်ပါသည်။

၂၅။ ငြိမ်းချမ်းရေးကိစ္စရပ်များ ဆောင်ရွက်ခြင်းသည် မိမိတို့၏ ပြည်တွင်းရေးဖြစ်၍ မိမိတို့အချင်းချင်း ညှိနှိုင်းလုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၏ လက်နက်ကိုင်တပ်များ၊ ကြီးကြပ်စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဝင်ရောက်ဆောင်ရွက်ရန်မလိုအပ်ကြောင်း တင်ပြအပ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ဆောင်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်များအတွက် ရှင်သန်ရပ်တည်မှု၊ ဘဝအာမခံချက်ကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ အရပ်သားအဖြစ် နေထိုင်လိုသူများအတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်းကောင်း၊ တပ်မတော်တာဝန်ကူးပြောင်း ထမ်းဆောင်လိုသူများအတွက် စစ်မှုထမ်းစည်းမျဉ်းနှင့်အညီ တာဝန်ထမ်းဆောင်ခွင့်ရရန် တပ်မတော်အနေဖြင့်လည်းကောင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ၎င်းအပြင် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၈)တွင် ဖော်ပြထားသည့်အတိုင်း တန်းတူညီမျှပေးအပ် ထားပြီးဖြစ်ပါသည်။

၂၆။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းနှင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း မှန်ကန်စွာ လျှောက်လှမ်းသွားရမည်ဖြစ်ပါသည်။

**အမျိုးသားနိုင်ငံရေးနှင့်တပ်မတော်၏ အခန်းကဏ္ဍ**

၂၇။ ပြည်သူလူထုက ရွေးချယ်အတည်ပြုခဲ့သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း လျှောက်လှမ်းရာ၌ တပ်မတော်အနေဖြင့်အပြည့်အဝပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေးနှင့် စီးပွားရေးတည်ငြိမ်မှုများ ရှိရန် လိုအပ်သည်ဖြစ်ရာ တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းအရ ညှိနှိုင်းအဖြေရှာသည့် လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်

သွားမည်ဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ပြည်သူများက ရွေးချယ်အတည်ပြုခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် လိုအပ်သောအခြေအနေ ကောင်းများဖြစ်ပေါ်လာအောင် ပုံဖော်တည်ဆောက်ပေးခဲ့သည်ဖြစ်ရာ ယခုလျှောက်လှမ်းနေရသော လမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ပါ။ ၎င်းအပြင် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ရာတွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ NCA စာချုပ်ပါ အချက်များအတိုင်း အောင်မြင်ပြီးမြောက်သည်အထိ ခိုင်ခိုင်မာမာဆက်လက်ရပ်တည်သွားမည် ဖြစ်ပါသည်။

ကာကွယ်ရေးနှင့်လုံခြုံရေး

2/9/2016

Morning



ဗိုလ်မှူးကြီး ဇော်ဝင်းမြင့်၊ တပ်မတော်သားအစုအဖွဲ့

## အခန်း(၃)

## လက်နက်ကိုင်လမ်းစဉ်များ ချုပ်ငြိမ်းစေရေးအတွက် အခြေခံရမည့် လုပ်ငန်းစဉ်များ

၂၈။ ပြောင်းလဲလာသောကမ္ဘာကြီးတွင် Democratizationအရ နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲမှု ပြုလုပ်လာကြရာ မြန်မာနိုင်ငံသည်လည်း တစ်နိုင်ငံအပါအဝင်ဖြစ်ပါသည်။ မြန်မာနိုင်ငံဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ထူးခြားသည့် ဝိသေသလက္ခဏာတစ်ရပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လွန်စွာများပြားလျက်ရှိခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အတွက် ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေဆောင်ရွက်သွားရန်လိုအပ် လျက်ရှိပါသည်။

**နိုင်ငံရေးလမ်းပြ မြေပုံသတ်မှတ်ခြင်း**

၂၉။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်နက်ကိုင်လမ်းစဉ်များချုပ်ငြိမ်းပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံအရ အကောင်အထည်ဖော်ဆောင်ရွက်ရန် အောက်ဖော်ပြပါအချက်များကို သဘောတူခဲ့ကြပါသည်-

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း။

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (The Framework for Political Dialogue) ကိုရေးဆွဲသဘောတူညီမှု ရယူခြင်း။

(ဂ) ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း။

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း။

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း။

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း။

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

**လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖွဲ့ဖျက်သိမ်းခြင်း၊ ပြန်လည်ပေါင်းစည်းခြင်း(Disarmament, Demobilization, Reintegration-DDR) လုပ်ငန်းစဉ်များ**

၃၀။ DDR လုပ်ငန်းစဉ်ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီးနောက် လုံခြုံမှုနှင့်တည်ငြိမ်မှုကို

ဖန်တီးရန် ဆန့်ကျင်ဘက် လက်နက်ကိုင်အဖွဲ့များအား အုပ်ချုပ်သူအစိုးရအနေဖြင့်-

(က) လက်နက်ဖြုတ်သိမ်းခြင်း(Disarmament)။

(ခ) တပ်ဖွဲ့ဖျက်သိမ်းခြင်း(Demobilization)။

(ဂ) တပ်ဖွဲ့ဝင်ဟောင်းများအား လူမှုစီးပွားဘဝသို့ ပြန်လည်ပေါင်းစည်းခြင်း(Reintegration) စသည့်လုပ်ငန်းစဉ်အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၃၁။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ လက်နက်ကိုင်လမ်းစဉ်ဖြင့် မိမိတို့ နိုင်ငံရေးလိုလားချက်များကို ရရှိနိုင်မည်မဟုတ်ပါ။ တစ်ပြိုင်တည်းမှာပင် မိမိတို့၏နိုင်ငံရေးရည်မှန်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ လမ်းဖွင့်ပေးထားသည့်နိုင်ငံရေးလမ်းကြောင်းအတိုင်းပါဝင်လျှောက်လှမ်းပြီး နိုင်ငံရေးလမ်းပြမြေပုံနှင့် အညီ DDR လုပ်ငန်းစဉ်များကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃၂။ DDR လုပ်ငန်းစဉ်၏ရည်မှန်းချက်မှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပြီးအခြေအနေများ၌ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ကူညီထောက်ပံ့ရန်အတွက် ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကို စတင်လုပ်ဆောင်ရပြီး နိုင်ငံရေး၊ စစ်ရေး၊ လုံခြုံရေး၊ လူသားချင်းစာနာထောက်ထားရေး၊ လူမှုစီးပွားရှုထောင့်များနှင့်အတူ လုပ်ဆောင်ရသောလုပ်ငန်းဖြစ်ပါသည်။ လက်နက်ကိုင်လမ်းစဉ်မှ ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးရေးဖြစ်စဉ်သို့ ကူးပြောင်းသောကာလအတွင်း ဆန့်ကျင်ဘက်လက်နက်ကိုင်အဖွဲ့အစည်းများ၏ လက်ဝယ်ရှိ လက်နက်များဖြုတ်သိမ်းခြင်းနှင့် တပ်ဖွဲ့များဖျက်သိမ်းခြင်း လုပ်ငန်းစဉ်မှတစ်ဆင့် တပ်ဖွဲ့ဝင်ဟောင်းများကို လူမှုအသိုင်း အဝိုင်းတွင် ပြန်လည်ပေါင်းစည်းနေထိုင်နိုင်ရေးအတွက် ကူညီရန်ဖြစ်ပါသည်။

**လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း (SSR) လုပ်ငန်းစဉ်များ**

၃၃။ SSR ဖော်ဆောင်ခဲ့ရသည့် အကြောင်းရင်းကို လေ့လာကြည့်ပါက အချို့နိုင်ငံများတွင် လုံခြုံရေးဆိုင်ရာ အရင်းအမြစ်များနည်းပါးပြီး လုံခြုံရေးကဏ္ဍအားနည်းသောကြောင့် နိုင်ငံနှင့်နိုင်ငံသားလုံခြုံရေးအား ထိရောက်စွာကာကွယ်မှုမပြုနိုင်ခြင်း၊ အုပ်ချုပ်သူ အစိုးရအနေဖြင့်လည်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) ဖော်ဆောင်နိုင်မှုမရှိခြင်းတို့ကြောင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း (Security Sector Reform-SSR) ကို ဦးစွာပြုလုပ်ခဲ့ရခြင်းဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုံခြုံအေးချမ်းမှုရှိပြီး အုပ်ချုပ်မှုစနစ်အနေဖြင့်လည်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်၍ ခေတ်မီဖွံ့ဖြိုးတိုး တက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းလျက်ရှိရာ ပုံမှန်ဖွံ့ဖြိုးတိုးတက်မှု(Gradually Improved) ဖြစ်လျက်ရှိကြောင်းနိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံထားပြီး

ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲခြင်း SSR ဖော်ဆောင်ခြင်းကို DDR လုပ်ငန်းစဉ်များပြီးစီးမှသာ နိုင်ငံတော်အစိုးရမှ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**တပ်မတော်အား Standard Army အဖြစ်တည်ဆောက်ရေး**

၃၄။ မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အရေးပါသည့်နေရာ၌တည်ရှိနေ၍လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေနှင့် စစ်အင်အားအရလည်းကောင်း၊ တပ်မတော်အားအင်အားတောင့်တင်းပြီးစွမ်းရည် ထက်မြက်သော ခေတ်မီတပ်မတော်ဖြစ်လာစေရန် Standard Army အဖြစ်တည်ဆောက်သွားရမည်ဖြစ်ပါသည်။

**အခြားအခြေခံသင့်သည့်မူများ**

၃၅။ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်ကို စစ်ရေးအမြင်တစ်ခုတည်းဖြင့်သာကြည့်ပြီး တပ်မတော်တွင်သာတာဝန်ရှိသည်ဟုသတ်မှတ်ခြင်းမပြုပဲ တစ်မျိုးသားလုံးလိုက်နာကျင့်သုံးဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်အဖြစ် မှတ်ယူရမည်။ အမျိုးသားနိုင်ငံရေးကို ဦးတည်သည့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို နိုင်ငံသားအားလုံးက ကျရာကဏ္ဍမှနေ၍ စိတ်ရောကိုယ်ပါ ဦးလည်မသုန် ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင်ကြ ရမည်။

၃၆။ နိုင်ငံတော်အတွင်း ဒေသစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲ၊ အစွန်းရောက်မှုများကြောင့် ပဋိပက္ခများမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရမည်။ နိုင်ငံတော်၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့သည်အဓိက အရေးကြီးသဖြင့် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုများ မရှိစေရေးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရမည်။

၃၇။ မိမိနိုင်ငံအတွင်း တရားမဝင်ကျူးကျော် ဝင်ရောက်အခြေချနေထိုင်မှုများနှင့် လူကုန်ကူးမှုများကို တားဆီးကာကွယ် ဆောင်ရွက်သွားရမည်။မူးယစ်ဆေးဝါး ရောင်းဝယ်မှုများ၊ တရားမဝင်လက်နက်နှင့် ကုန်ပစ္စည်း မှောင်ခိုရောင်းဝယ်မှုများကို ကာကွယ် တားဆီးဆောင်ရွက်ရမည်။

၃၈။ ပြည်ပနိုင်ငံများမှ မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးပြဿနာများအပေါ်တွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ၌ တိုက်ရိုက်ပါဝင်စွက်ဖက်မှုများကို လျော့နည်းပပျောက်အောင် ဆောင်ရွက်သွားရမည်။ ဘာသာရေး၊ လူမျိုးရေး အစွန်းရောက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို တစ်မျိုးသားလုံး စောင့်ကြည့်ကာကွယ်သွားရမည်။

၃၉။ တပ်မတော်သည် တိုင်းရင်းသားလူမျိုးများအားလုံးဖြင့် ပါဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ မိမိနိုင်ငံသည်ကမ္ဘာ့နိုင်ငံများနည်းတူတစ်ခုတည်းသောတပ်မတော်ထားရှိစေရေးမူဝါဒကိုလက်ခံထားပါသည်။ တိုင်းရင်းသားများနှင့် ဖွဲ့စည်းထားသည့်တစ်ခုတည်းသောပြည်ထောင်စု

တပ်မတော်ကို Standard Army ဖြစ်အောင် တည်ဆောက်ရမည်။

၄၀။ တပ်မတော်သို့ ကူးပြောင်းတာဝန်ထမ်းဆောင်ရေးအနေဖြင့် DDR/SSR လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးပါက တပ်မတော်၏စစ်မှုထမ်းစည်းမျဉ်းဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေးအမြဲ ကြိုဆို ဖိတ်ခေါ်လျက်ရှိပါသည်။

**သုံးသပ်တင်ပြချက်**

၄၁။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် DDR/SSR လုပ်ငန်းစဉ်သည် မရှိမဖြစ်ပါဝင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများတွင် လုံခြုံရေးဆိုင်ရာပြန်လည် ပေါင်းစည်းခြင်းကို အလေးဂရုမပြုဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစားပေးဆောင်ရွက်ခဲ့သဖြင့် နောက်ဆက်တွဲပြဿနာများ ယနေ့တိုင်မဖြေရှင်းနိုင်သည့် သာဓကများ ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ကွန်ဂို၊ အာဖဂန်နစ္စတန်၊ အီရတ်နိုင်ငံများဖြစ်ပါသည်။ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များ စနစ်တကျဆောင်ရွက်မှုကြောင့် ငြိမ်းချမ်းရေးရရှိသည့်နိုင်ငံများစွာ တွေ့ရှိရပါသည်။ ဥပမာအားဖြင့် တောင်အာဖရိက၊ ဘရာဇီး၊ ချီလီ၊ အာဂျင်တီးနားနှင့် အရှေ့ဥရောပနိုင်ငံများဖြစ်ပါသည်။ ထို့ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် DDR/SSR လုပ်ငန်းစဉ်ကို မဖြစ်မနေ လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

၄၂။ DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးညီလာခံများကို ၃ နှစ်မှ ၅ နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄၃။ NCA လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် NCA စာချုပ်ပါအချက်များအတိုင်းတိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄၄။ နိုင်ငံတော်၏အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံသားအားလုံးသည် ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ပါသည်။

၄၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀ အရ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့်အချက်ကိုတိကျစွာလိုက်နာရမည်ဖြစ်ပါသည်။

၄၆။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

3/9/2016

ကန့်သတ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံ



## တပ်မတော်သားအစုအဖွဲ့

## သဘာဝသယံဇာတစီမံခန့်ခွဲခြင်းနှင့်ခွဲဝေခြင်းကိစ္စရပ်များဆိုင်ရာ ဆွေးနွေးတင်ပြခြင်း

နေပြည်တော်

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်

ကန့်သတ်

**သဘာဝသယံဇာတစီမံခန့်ခွဲခြင်းနှင့်ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ**

မြန်မာနိုင်ငံသည် စတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ကျယ်ဝန်းပြီး သဘာဝအရင်းအမြစ်အခြေခံကောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ်များတစ်ပြေးညီဖွံ့ဖြိုး တိုးတက်ရေးနှင့်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များအား နှစ်ပေါင်းရှည်ကြာစွာ ထုတ်ယူသုံးစွဲနိုင်ရေးနှင့်အတူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန် လွန်စွာအရေးကြီးပါသည်။

ပြန်လည်မဖြည့်တင်းနိုင်သော သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ကောင်းမွန်သောအခွင့်အလမ်းများရှိသလို စိန်ခေါ်မှုများလည်း ကြုံတွေ့နိုင်ပါသည်။ အုပ်ချုပ်သူအစိုးရအနေဖြင့် သယံဇာတများထုတ်ယူသုံးစွဲခြင်းကို မှန်ကန်စွာစီမံခန့်ခွဲခြင်း သည် အနာဂတ်မျိုးဆက်အတွက်ပါ ကောင်းမွန်သောအကျိုးကိုဖြစ်ထွန်းစေနိုင်မည်ဖြစ်သကဲ့သို့ စီမံခန့်ခွဲမှုလွဲမှားပါကလည်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို မလွဲမသွေရင်ဆိုင်ကြုံတွေ့ကြရမည်ဖြစ်ပြီး အကျိုးဆက်အနေဖြင့် စီးပွားရေးမတည်ငြိမ်မှုများ၊ လူမှုရေးပဋိပက္ခများနှင့်ကြုံတွေ့ရမည်ဖြစ်ပါသည်။

အရင်းအမြစ်များကို စတင်ထုတ်ယူချိန်မှစ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ အကျိုးဖြစ်ထွန်းအောင် ထုတ်ယူသုံးစွဲရန် လိုအပ်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝကိုမထိခိုက်စေဘဲ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများချမှတ်အကောင်အထည်ဖော်ခြင်းနှင့်ကြီးကြပ်ခြင်းများကို သယံဇာတခွဲဝေစီမံခန့်ခွဲခြင်းဟု ခေါ်ဆိုရမည်ဖြစ်ပါသည်။

သယံဇာတမှရရှိမည့်အခွန်ဝင်ငွေများကို ပြည့်ဝစွာကောက်ခံခြင်း၊ ယင်းအခွန်ဝင်ငွေများကို ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းစသည့်စီမံခန့်ခွဲမှုများ စနစ်တကျဆောင်ရွက်နိုင်ခြင်းမရှိပါက သယံဇာတများကို သဘာဝအတိုင်းထားရှိခြင်းက ပို၍သင့်တော်မည်ဖြစ်ကြောင်း ပညာရှင်အချို့ကဆိုထားပါသည်။

စမ်းသပ်တိုင်းတာမှုနှင့် အသေးစိတ်တွက်ချက်မှုများမပြုလုပ်ပဲ သယံဇာတများအား ထုတ်ယူသုံးစွဲခြင်းဖြင့်စီးပွားရေးတွက်ခြေမကိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သဖြင့် စမ်းသပ်တိုင်းတာခြင်း၊ အသေးစိတ်တွက်ချက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို မလွဲမသွေလုပ်ဆောင်ရမည်ဖြစ်ပါသည်။

သယံဇာတမှရရှိသော ဝင်ငွေများကို အနာဂတ်မျိုးဆက်များအတွက် စုဆောင်းခြင်းနှင့် သယံဇာတအပေါ်မှီခိုမှုမရှိသည့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်သင့်ပြီး သယံဇာတထွက်ရှိမှုနည်းပါးသည့်တိုင်းဒေသကြီး/ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း မျှဝေသုံးစွဲသင့်ပါသည်။

သယံဇာတမှရရှိသော အကျိုးခံစားခွင့်များကို တိုက်ရိုက်သုံးစွဲခြင်းထက်ဒေသအတွင်း ပြည်သူများအလုပ်အကိုင်ရရှိစေခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေခြင်းစသည့် ပြည်သူများအားတိုက်ရိုက်အကျိုးခံစားခွင့်ရရှိစေနိုင်သော လုပ်ငန်းများကိုမဖြစ်မနေလုပ်ဆောင်ပေးသွားရန်လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းမှကာကွယ်ရန်နိုင်ငံအတွင်းသစ်တောများကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ယူသုံးစွဲမှုနှင့်အတူ ပြုန်းတီးသစ်တောများပြန်လည်အစားထိုးစိုက်ပျိုးခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါသည်။

မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသည် သစ်တောပြုန်းတီးမှုနှင့် မြေဆီလွှာပျက်စီးမှုများကို များစွာဖြစ်ပေါ် စေသဖြင့် အသိပညာပေးခြင်း၊ စိုက်ပျိုးမြေဖော်ထုတ်ဆောင်ရွက်ပေးခြင်း၊ အစားထိုးအလုပ်အကိုင်များ ဖော်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

တရားမဝင်သစ်ခိုးထုတ်မှုများအား ဥပဒေနှင့်အညီ ထိထိရောက်ရောက်တားဆီးအရေးယူခြင်း၊ တရားဝင်သစ်ထုတ်လုပ်ရာတွင်လည်း အစိုးရနှင့်ပြည်သူတို့အကြား ပွင့်လင်းမြင်သာသော စီမံခန့်ခွဲမှုနှင့် တာဝန်ခံမှုစံနှုန်းဖြစ်သည့် EITI စံချိန်စံညွှန်းအတိုင်း လိုက်နာဆောင်ရွက်စေရေး ထိရောက်စွာစစ်ဆေး ကြပ်မတ် ဆောင်ရွက်သင့်ပါသည်။

သယံဇာတများစီမံခန့်ခွဲရာတွင် အစိုးရနှင့်ပြည်သူအကြား လက်တွေ့ကျသော မူဝါဒများကိုချမှတ် အကောင်အထည်ဖော်နိုင်ရန် သဘာဝသယံဇာတဆိုင်ရာ ပဋိညာဉ်အတိုင်း တိကျစွာဆောင်ရွက်သင့်ပါသည်။

သယံဇာတထုတ်ယူသုံးစွဲရာတွင် ဒေသခံပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်မှုမရှိစေရေး၊ ရေရှည်တည်တံ့စွာ လုပ်ဆောင်နိုင်ရေးနှင့်ပြည်သူများ၏ လူမှုဘဝလုံခြုံမှုအာမခံချက်ရှိစေရေးတို့အတွက် စီမံကိန်းဒေသရှိ ဒေသခံပြည်သူများနှင့် အကျေအလည်ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတကာမူဝါဒဖြစ်သည့် Volunteer Principle အတိုင်း တိကျစွာလုပ်ဆောင်သင့်ပါသည်။

ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ၏ အခွင့်အရေးကို ကာကွယ်ပေးထားသော လမ်းညွှန်ချက်များ ပါဝင်သည့် ကြေညာချက် United Nations Declaration of Rights for Indigenous People (UNDRIP) အတိုင်း တိကျစွာလိုက်နာလုပ်ဆောင်သင့်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၇ (က) တွင် **နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်** ဟုလည်းကောင်း၊ ပုဒ်မ ၃၇ (ခ) တွင် **နိုင်ငံပိုင် သယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းရမည်** ဟုလည်းကောင်း၊ ပုဒ်မ ၃၇ (ဂ) တွင် **နိုင်ငံသား များအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ကို ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်** ဟုလည်းကောင်း အသီးသီးပြဋ္ဌာန်းထားပါသည်။

၂၀၁၂ ခုနှစ်၊ မတ်လတွင်ထုတ်ပြန်ခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဥပဒေသစ်၏ အရေးကြီးသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ထည့်သွင်းဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒအား အကောင်အထည်ဖော်ရာတွင် အခြေခံရမည့်မူများနှင့် လမ်းညွှန်ချက်များဖြစ်စေရန်ဟု ဖော်ပြထားပါသည်။

၂၀၁၂ ခုနှစ်တွင်ထုတ်ပြန်ခဲ့သော စီးပွားရေးနှင့်လူမှုပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင်တွင် နိုင်ငံတော်အနေဖြင့် သယံဇာတထုတ်ယူမှုသည် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အကျိုးအမြတ်များအားညီမျှစွာ ခွဲဝေပေးနိုင်ရန် ကြိုးပမ်းသွားမည်ဟု ဖော်ပြထားသည့်အတိုင်း စီမံခန့်ခွဲသင့်ပါသည်။

ဗဟိုချုပ်ကိုင်မှု ဖြေလျှော့နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ များအား သဘာဝသယံဇာတအရင်းမြစ်များ စီမံခန့်ခွဲမှု၊ အခွန်ငွေကောက်ခံမှုတို့နှင့်သက်ဆိုင်သည့် အချို့သော လုပ်ပိုင်ခွင့်များကို လွှဲပြောင်းပေးခဲ့ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများကလည်း ဥပဒေ/နည်းဥပဒေ

ရေးဆွဲခြင်း၊ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ ဝင်ငွေစီးဆင်းမှုနှင့်လုပ်ငန်းအပေါ် ကောက်ခံသည့် အခွန်နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် ပြည်သူသို့ချပြခြင်း၊ လုပ်ငန်းအစီရင်ခံစာများတင်သွင်းစေခြင်း၊ မှတ်တမ်းတင်ခြင်းတို့အား ဆောင်ရွက်သွားသင့်ပါသည်။

စီမံခန့်ခွဲမှုပုံစံတွင် အုပ်ချုပ်မှု၊ စည်းမျဉ်းများချမှတ်အကောင်အထည်ဖော်မှုနှင့် EIA, SIA, HIA တို့အတွက် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ ရှိရမည်ဖြစ်ပါသည်။

အစိုးရအဆင့်ဆင့်အနေဖြင့် သယံဇာတအသစ်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်အသေးစိတ်တွက်ချက်ခြင်းများကို ပွင့်လင်းမြင်သာမှုရှိအောင်ဆောင်ရွက်ရမည်ဖြစ်ပြီး တစ်ဆက်တည်းမှာပင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းများကိုလည်း အခြေနေအရပ်ရပ်အပေါ် ချိန်ဆ၍ လုပ်ဆောင်သွားရန်လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် မျက်မှောက်ကာလတွင် သယံဇာတစီမံခန့်ခွဲမှုနှင့်ခွဲဝေမှုများ ဆောင်ရွက်ရာ၌ မှန်ကန်မျှတရန်နှင့်လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ဥပဒေများ လုပ်ထုံးလုပ်နည်းများအား ခေတ်နှင့်အညီပြင်ဆင်ဖြည့်စွက် ရေးဆွဲပြဋ္ဌာန်းရန်လိုအပ်မည်ဖြစ်ပါသည်။

ဝန်ကြီးဌာနများသည် နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းမြှင့်တင်ရန်အတွက် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဝန်ကြီးဌာနများအတွင်း ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ရန်နှင့်လူမှန်နေရာမှန် တာဝန်ပေးအပ်ခြင်းများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ပါသည်။

သယံဇာတမှရရှိသည့်ဝင်ငွေများကို အနာဂတ်မျိုးဆက်များအတွက် ရင်းနှီးမြှုပ်နှံရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုရန်နှင့်သယံဇာတအပေါ် အခြေမခံသည့် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် ဖြန့်ကျက်၍ ရင်းနှီးမြှုပ်နှံထားနိုင်ရန်အတွက် ကောင်းမွန်ပြည့်စုံသောအစီအမံများကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

အနာဂတ်တွင် ပြည်သူများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် သယံဇာတစီမံခန့်ခွဲခြင်းနှင့်ခွဲဝေမှုဆိုင်ရာ စီမံကိန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုများ တိုးတက်အားကောင်းလာစေရန် လုပ်ဆောင်သင့်ပါသည်။

နိုင်ငံတကာမျက်နှာစာတွင်လည်း မိမိနိုင်ငံအနေဖြင့် စီးပွားရေးအမြတ်အစွန်း တစ်ခုအတွက်သာမဟုတ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ ပြည်သူကိုအကျိုးပြုသော၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပြီးရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကိုရည်မှန်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ရှုမြင်လာအောင် ကြိုးပမ်းလုပ်ဆောင်သင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် သယံဇာတစီမံခန့်ခွဲခြင်းနှင့်ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ် )ပါ ဇယား ၁၊ ဇယား ၂ တို့တွင် အသေးစိတ် ဖော်ပြထားရှိပါသည်။ ယင်းပြဋ္ဌာန်းချက်များမှ ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်အာဏာများကို လက်တွေ့အသုံးချပြီး ဒေသနှင့် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်သွားရန်နှင့်လက်တွေ့လုပ်ဆောင်ရာမှတွေ့ရှိရသော အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်၍ တဖြည်းဖြည်းပြုပြင် ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၄

ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်လာသည်နှင့်အမျှ နောင်အနာဂတ်တွင် သယံဇာတစီမံခန့်ခွဲရေးနှင့်ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များအား ပြုပြင်ပြောင်းလဲရန်လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သွားသင့်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါသည်။

3M/2016

ကန့်သတ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ



## တပ်မတော်သားအစုအဖွဲ့

## တပ်မတော်မှ တင်ပြချက်များအား
## အကျဉ်းချုပ်တင်ပြခြင်း

နေပြည်တော်
၂၀၁၆ ခုနှစ် စက်တင်ဘာလ ၃ ရက်

ကန့်သတ်

## တပ်မတော်မှ တင်ပြချက်များအား အကျဉ်းချုပ်တင်ပြခြင်း

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ တက်ရောက်လာကြတဲ့ လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားအစုအဖွဲ့မှ ........................ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တပ်မတော်မှ တင်ပြချက်များအပေါ် အနှစ်ချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံရေးဆိုင်ရာ**

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ နယ်နိမိတ်တည်တံ့ခိုင်မြဲမှုကို အာမခံချက်ပေးထားခြင်း၊ တိုင်းရင်းသားလူမျိုးများအား တန်းတူအခွင့်အရေးပေးထားခြင်း၊ လူမျိုးစုလွှတ်တော်ဟု ခေါ်ဆိုနိုင်သည့် အမျိုးသားလွှတ်တော်အား ပြည်သူ့လွှတ်တော်နှင့် တန်းတူအခွင့်အရေး ပေးထားခြင်း စသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများ ပါဝင်နေသည်ကို ထင်ရှားစွာ တွေ့မြင်ရမည် ဖြစ်ပါသည်။

၃။ ဥပဒေပြုရေးတွင် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် နှစ်ရပ်ထားရှိခြင်း၊ အုပ်ချုပ်ရေးတွင် ပြည်ထောင်စု(ဗဟို)အစိုးရနှင့် ဒေသယူနစ်အစိုးရများရှိခြင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာနှစ်ရပ်အား ပိုင်းခြားပေးထားခြင်း၊ ဘဏ္ဍာရေးနှင့် သယံဇာတများအား အစိုးရနှစ်ရပ်အကြား ခွဲဝေသုံးစွဲမှုကို ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ရေးဆွဲပြဋ္ဌာန်းထားသည့် အခြေခံဥပဒေရှိခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးထားရှိခြင်း တို့ကြောင့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါသည်။

၄။ တရားစီရင်ရေးတွင် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတို့ကို သီးခြားစီ စစ်ဆေးစီရင်ပိုင်ခွင့်အာဏာများ ခွဲဝေပေးထားခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့သည် ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီစွာ ပြဋ္ဌာန်းထားပါကြောင်း တွေ့ရှိရပါသည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဥပဒေအရ အခွင့်အရေးပေးထားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းတို့ဖြင့် အပြည့်အဝ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများအတိုင်း ပြည့်မီမှုရှိကြောင်း တွေ့ရှိရပါသည်။

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ**

၅။ နိုင်ငံတော်ကာကွယ်ရေးနှင့် ပတ်သက်၍ တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မိုးချစ်တပ်မတော် ဖြစ်ရမည်။ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်။ တပ်မတော်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ နိုင်ငံတော်အား ပြည်တွင်းပြည်ပ

အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်မှ ဦးဆောင်ရမည်၊ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်ဖြစ်ပါသည်။ ထို့အပြင် တပ်မတော်နှင့် နိုင်ငံသားတိုင်းသည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒွိတာဝန်အရေးသုံးပါးကို အစဉ်ကာကွယ်စောင့်ရှောက်ရန်နှင့် စောင့်ထိန်းရန် တာဝန်ရှိပါသည်။

၆။ တပ်မတော်သည် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ ၆ ရပ်ကို ချမှတ်ထားရှိပြီး ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် မည်သည့်ပြည်ပနိုင်ငံများနှင့် အဖွဲ့အစည်းများ၏ လက်နက်ကိုင်တပ်များ၊ ကြီးကြပ်စောင့်ကြည့် လေ့လာရေးအဖွဲ့များကိုမျှ ဝင်ရောက်ဆောင်ရွက်ခွင့်၊ စွက်ဖက်ခွင့်မပြုနိုင်ပါ။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သောတပ်မတော်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုတပ်မတော်ကို Standard Army ဖြစ်အောင် စဉ်ဆက်မပြတ် တည်ဆောက်သွားရမည် ဖြစ်ပါသည်။

၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA စာချုပ်ကိုအခြေခံပြီး မိမိတို့၏ နိုင်ငံရေးရည်မှန်းချက်များကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆောင်ရွက်ရပါမည်။ နိုင်ငံရေးရည်မှန်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစု ပင်လုံ)မှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းအတိုင်း ပါဝင်လျှောက်လှမ်းပြီး နိုင်ငံရေးလမ်းပြမြေပုံနှင့်အညီ DDR လုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေးညီလာခံများကို ၃ နှစ်မှ ၅ နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရပါမည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ကို ဆောင်ရွက်ရာတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**စီးပွားရေးဆိုင်ရာ**

၈။ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အာဏာတည်ခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅/ ၂၀၁၅) အရ အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်းလုပ်ပိုင်ခွင့်များကို ပြည်ထောင်စုမှလျှော့ချပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့ ပိုမိုတိုးမြှင့်ပေးအပ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိုးမြှင့်ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာများကို ထိရောက်စွာ ကျင့်သုံးလျက် မိမိဒေသ၏အကျိုးစီးပွားနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ အစိုးရအဆင့်ဆင့်အနေဖြင့် ရှိရင်းစွဲအခွန်အရင်းအမြစ်များ ခွဲဝေသုံးစွဲမှု သက်သက်ကိုသာ အဓိကထားဆောင်ရွက်ခြင်းထက် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုစသည့် စီးပွားရေးကဏ္ဍများ ပိုမိုကြီးမားကျယ်ပြန့်လာအောင် အလေးထားဆောင်ရွက်ပြီး အခွန်အရင်းအမြစ်များ တိုးပွားလာအောင် စီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၉။ အခွန်ကောက်ယူရာတွင် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းထက် အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အထူးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ပါသည်၊ အခွန်တိမ်းရှောင်မှုနှင့်အဂတိလိုက်စားမှုများ မရှိစေရေးအတွက် အခွန်ကောက်ခံသူဝန်ထမ်းများ

အပါအဝင် အခွန်နှင့်ပတ်သက်သူများအားလုံးကို ပညာပေးခြင်း၊ ထိန်းချုပ်ဟန့်တားခြင်းနှင့် ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မိမိဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅/၂၀၁၅ ပါ ပြဋ္ဌာန်းချက်များအပြင် ထပ်မံလိုအပ်ချက်များ ရှိလာပါကလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၌ ပါဝင်သောပြည်သူ့ကိုယ်စားလှယ်တို့က တင်ပြခြင်း၊ တောင်းခံခြင်း၊ ညှိနှိုင်းခြင်း တို့ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ပြီး၊ လက်ရှိပြဋ္ဌာန်းပြီး ဥပဒေများတွင် မပါရှိသေးပါကလည်း ပြင်ဆင်သည့်ဥပဒေများ တင်သွင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**လူမှုရေးဆိုင်ရာ**

၁၀။ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပြီးနောက် IDPs များ၏ လူမှုစီးပွားဘဝကို မူလအခြေအနေသို့ ရောက်ရှိအောင် ကာလတို/ကာလရှည် စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ IDPs များအတွက် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ NGOs၊ INGOs၊ Donors များအနေဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးကို အကြောင်းပြ၍ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးများတွင် ဝင်ရောက်စွက်ဖက်မှုမရှိစေရေးနှင့် IDPs နှင့် မသက်ဆိုင်သူများ ပါဝင်လာခြင်း မရှိစေရေး အထူးဂရုပြု စိစစ်ကြပ်မတ်သွားရမည် ဖြစ်ပါသည်။ NGOs၊ INGOs၊ Donors များ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**သဘာဝသယံဇာတစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ**

၁၁။ သယံဇာတစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ၏ ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်သော ဇယား ၁ ၊ ဇယား ၂ ပါ ပြဋ္ဌာန်းချက်များမှ ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်အာဏာများကို လက်တွေ့အသုံးချပြီး ဒေသနှင့်ပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်သွားရန်နှင့် လက်တွေ့လုပ်ဆောင်ရာမှ တွေ့ရှိရသော အားသာချက် အားနည်းချက်များအပေါ် သုံးသပ်၍ တဖြည်းဖြည်း ပြုပြင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားအောင် အကောင်အထည်ဖော်နိုင်ရန်အတွက် သယံဇာတစီမံခန့်ခွဲခြင်းနှင့် ခွဲဝေမှုဆိုင်ရာ စီမံကိန်းများတွင် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်အားကောင်းလာစေရန် လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။

၁၂။ နိုင်ငံတကာမျက်နှာစာတွင်လည်း မိမိနိုင်ငံအနေဖြင့် စီးပွားရေးအမြတ်အစွန်းတစ်ခုအတွက်သာ မဟုတ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ ပြည်သူကိုအကျိုးပြုသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ရည်မှန်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရှုမြင်လာအောင် ကြိုးပမ်းလုပ်ဆောင်သွားရမည် ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်ရင့်ကျက်လာသည်နှင့်အမျှ နောင်အနာဂတ်တွင် သယံဇာတ စီမံခန့်ခွဲရေးနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များအား ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**နိဂုံး**

၁၃။ ယခုညီလာခံသို့တက်ရောက်လာကြသော အဖွဲ့အစည်းအသီးသီး၏ တင်ပြချက်များကို သုံးသပ်ပါက အဖြေရှာရန်လွယ်ကူသည့်အချက်များ ပါရှိသကဲ့သို့ လက်တွေ့နှင့် ကင်းကွာသည့်အချက်များလည်း ပါရှိနေကြောင်း

တွေ့ရှိရပါသည်။ တပ်မတော်အနေဖြင့် တိုင်းရင်းသားလူမျိုးစုများအကြား တန်းတူညီမျှမှုရှိသော ပြည်ထောင်စု တစ်ခုဖြစ်ရေး ဆိုသည့်မူကို ကန့်ကွက်ရန်မရှိပါ။ တပ်မတော်အတွင်း တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စု တိုင်းရင်းသား တပ်မတော်သားများအကြား တန်းတူရည်တူရှိရေးမူကို အလေးအနက်ထား ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။ မည်သည့်တပ်မတော်မဆို နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကို အဓိကထားစဉ်းစားကြမည် ဖြစ်ပါသည်။ ဒီ့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် မည်သည့်အန္တရာယ်မျှ မကျရောက်စေရန် ကာကွယ်ရမည့် တာဝန်မှာ တပ်မတော်၏ အဓိကတာဝန်ဖြစ်ပါသည်။ တပ်မတော်၏ရပ်တည်ချက်သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှတဆင့် တည်တည်ငြိမ်ငြိမ်နှင့် နိုင်ငံရေးသဘောတူညီချက်များရရှိပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ဖြစ်ပါသည်။

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ဖက်ဒရယ်စနစ်နှင့် မညီဟု ယေဘုယျသုံးသပ်နေမည့် အစား ဆက်လက်ဆွေးနွေးသွားမည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၄၅၇ ခုနှင့် ဇယား ၁၊ ၂၊ ၃၊ ၅ တို့အနက်မှ မည်သည့်အချက်သည် ဖက်ဒရယ်စနစ်နှင့် ကိုက်ညီမှု ရှိသည်/မရှိသည်၊ တန်းတူအခွင့်အရေး ညီမျှမှု ရှိသည်/မရှိသည်၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆုံးရှုံးမှု ရှိသည်/မရှိသည်တို့ကို အသေးစိတ်တိကျစွာထောက်ပြပြီး အဆိုပါအားနည်းချက်များအပေါ် ပြင်ဆင်လိုသည့် အချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရန်သာ ဖြစ်ပါသည်။ ၎င်းအပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မဟာဗျူဟာကို မျက်ခြည်မပြတ် ကျင့်သုံးခြင်းနှင့် ထာဝရငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ် ဆန္ဒရှိခြင်းဟူသော အဓိကအချက်(၂)ချက်ကို နှလုံးသွင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၁၅။ သို့မှသာ အနာဂတ်ကာလတွင် အန္တိမရည်မှန်းချက်ဖြစ်သည့် တည်ငြိမ်အေးချမ်း၍ စည်းလုံးညီညွတ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု သမ္မတနိုင်ငံတော်ကြီး အချိန်တိုအတွင်း ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရသာ ပါတီစုံဒီမိုကရေစီစနစ်သို့ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ပြောင်းလဲလာခြင်း ဖြစ်ပါသည်။ ယင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်လိုက်သည့် အရပ်သားအစိုးရများ ပေါ်ထွန်းလာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအစိုးရများလက်ထက်တွင် NCA စာချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံများ ဆက်လက်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ) တွင် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအားလုံးသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေ ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ အခြေခံရမည်ဖြစ်ပြီး ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များကို အခန်း ၁၂ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းပါ ပြဋ္ဌာန်းချက်များအတိုင်း ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဖွဲ့အစည်းအသီးသီး၏ နိုင်ငံရေးလိုလားချက်အားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အပေါ်အခြေခံ၍သာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တပ်မတော်၏ သဘောထားရပ်တည်ချက်ကို အလေးအနက်ထား တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

3/9/2016 Morning



# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ
# တပ်မတော်သားအစုအဖွဲ့
# အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း

နိဒါန်း

၁။ အခွန်ကောက်ယူခြင်းသည် အစိုးရ၏ရငွေများအနက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေပြီး သက်ဆိုင်ရာနိုင်ငံများအလိုက် မိမိတို့ ကျင့်သုံးသော စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးမူဝါဒများ အပေါ် မူတည်၍ရေးဆွဲ ကောက်ခံလေ့ရှိကြပါသည်။ ယနေ့မြန်မာနိုင်ငံတွင် အခွန်ကောက်ယူခြင်းနှင့်ပတ်သက်ပြီး ဈေးကွက်စီးပွားရေးစနစ် သဘောသဘာဝအရ ပြဋ္ဌာန်းကောက်ခံလျက်ရှိပါသည်။ အခွန်ကောက်ယူခြင်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်မှ အခွန်အကောက် ဥပဒေများကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာလုပ်ငန်းဆောင်တာများကို စီမံခန့်ခွဲရန်အတွက် ငွေကြေးမူဝါဒနှင့် ရငွေ၊ သုံးငွေတို့နှင့် စပ်လျဉ်းသော ဘဏ္ဍာရေးမူဝါဒတို့ကို ချမှတ်ကျင့်သုံးကြရပါသည်။

အခြေခံသဘောတရား

၂။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးကုန်ကျစရိတ်များအတွက်တိုင်းသူပြည်သား တစ်ဦးချင်းက ဥပဒေအရ သတ်မှတ်ထားသည့် ငွေကြေးများကို သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ပေးဆောင်ခြင်း သို့မဟုတ် မလွှဲမသွေထမ်းဆောင်ရခြင်းကို အခွန်အကောက်ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက ဖွင့်ဆိုထားပါသည်။ အခွန်သုံးစွဲမှုနှင့်ပတ်သက်၍ အဓိကအားဖြင့် အမျိုးအစား (၂)မျိုး ခွဲခြားထားပါသည်-

(က) ပထမအမျိုးအစားမှာ လူတို့အသက်ရှင် ရပ်တည်နိုင်ရေးအတွက် အဓိက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည့် လုပ်ငန်းမျိုးဖြစ်ပါသည်။

(ခ) ဒုတိယအမျိုးအစားမှာ နိုင်ငံတော်ကရရှိမည့် သယံဇာတပစ္စည်း များကိုအသုံးပြု အကျိုးအများဆုံး ရရှိစေနိုင်သည့် စီးပွားရေးလုပ်ငန်းများနှင့် လူမှုဖူလုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

အခွန်စနစ်၏အင်္ဂါရပ်များ

၃။ စီးပွားရေးပညာရှင် Adam Smith က ကောင်းမွန်သည့် အခွန်ကောက်ခံသော စနစ်တစ်ရပ်တွင် အင်္ဂါရပ်(၄)ရပ် ရှိရမည် ဟုဆိုပါသည် -

(က) တရားမျှတမှုရှိခြင်း။

(ခ) သေချာတိကျမှု ရှိခြင်း။

(ဂ) အဆင်ပြေလွယ်ကူမှုရှိခြင်း။

(ဃ) စီးပွားရေးအရ တွက်ခြေကိုက်ခြင်းတို့ ဖြစ်ပါသည်။

အခွန်နှုန်းထားများ

၄။ ဘဏ္ဍာရေးမူဝါဒနှင့် အခွန်မူဝါဒတို့ပေါ်မူတည်၍ အခွန်ကောက်ခံသည့် နှုန်းထားကိုလည်း (၃)မျိုး ခွဲခြားနိုင်ပါသည် -

(က) နှုန်းတိုးခွန်။

(ခ) အချိုးတူခွန်။

(ဂ) နှုန်းလျော့ခွန်တို့ ဖြစ်ပါသည်။

အခွန်အမျိုးအစားနှင့် ခွဲဝေပေးမှု

၅။ အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်ဟူ၍ (၂)မျိုး ရှိပါသည်။ အခွန်/ဝင်ငွေ ခွဲဝေပေးရာတွင်လည်း နည်းလမ်း ၂ သွယ်ဖြင့် လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ ၎င်းတို့မှာ -

(က) အခွန်အမျိုးအစား တစ်ချို့ကိုဖြစ်စေ၊ အခွန်နှုန်းထား တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ဒေသဆိုင်ရာ အစိုးရများက ကောက်ခံပေးခြင်း။

(ခ) အဓိကလုပ်ငန်းကြီးများကို ဗဟိုအစိုးရက ကောက်ခံ၍ပြန်လည် ခွဲဝေပေးရခြင်းတို့ ဖြစ်ပါသည်။

**Micro စီးပွားရေးနှင့် Macro စီးပွားရေး**

၆။ အခွန်ကောက်ခံမှုဆောင်ရွက်ရာတွင် Micro စီးပွားရေးနှင့် Macro စီးပွားရေးအခြေအနေများကို အသေးစိတ်လေ့လာပြီး ဆောင်ရွက်သွားရန်လိုအပ်ပါသည်။ Micro ဘောဂဗေဒအရ အိမ်ထောင်စု တစ်ခုချင်းအလိုက် စီးပွားရေးလုပ်ငန်းတစ်ခုချင်းအလိုက် အသေးစိတ်လေ့လာပြီး ဝယ်လိုအား ရောင်းလိုအား ဈေးနှုန်း စသော အကြောင်းအရာများအား လေ့လာဆောင်ရွက်သင့်ပါသည်။ Macro ဘောဂဗေဒအရ နိုင်ငံစီးပွားရေးလုပ်ငန်းတစ်ခုလုံးအား ခြုံငုံလေ့လာ၍ စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအပေါ် သက်ရောက်မှုတို့ကို လေ့လာသင့်ပါသည်။ အထူးသဖြင့် စုစုပေါင်း ကုန်ထုတ်လုပ်မှု၊ အလုပ်လက်မဲ့၊ ငွေကြေးဖောင်းပွမှုနှင့် စီးပွားရေးအတက်အကျတို့ကို လေ့လာသင့်ပါသည်။

မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုအခြေအနေ

၇။ မြန်မာနိုင်ငံ၏ အခွန်ကောက်ခံရရှိမှုအခြေအနေမှာ နိုင်ငံတော်အစိုးရမှ ဘဏ္ဍာရေးနှစ်အလိုက်ရရှိသည့် အခွန်ငွေမှာ စုစုပေါင်း ပြည်သူ့ရငွေပမာဏ၏ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ၂၉ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်း ရရှိခဲ့ကြောင်းတွေ့ရှိရပါသည်။

၂၀၀၈ဖွဲ့စည်းပုံ အခြေခံဥပဒေအရဆောင်ရွက်နိုင်မှုများ

၈။ ပြည်ထောင်စု ဥပဒေပြုစာရင်း ဇယား(၁) တွင် ဘဏ္ဍာရေးနှင့်စီမံကိန်း ကဏ္ဍ ၂၀ မျိုးအား ပြဋ္ဌာန်းထားပါသည်။ ၎င်းပြဋ္ဌာန်းချက်များအား စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် အခွန်ကောက်ယူခြင်းနှင့် အရအသုံးမှန်းခြေငွေစာရင်း ကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်နိုင်မည်ကို တွေ့ရှိရပါသည်။ တိုင်းဒေသကြီး (သို့) ပြည်နယ်ဥပဒေပြုစာရင်း ဇယား(၂)တွင် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ၌ ယခင် ၁၁ မျိုး ထပ်တိုး ၇ မျိုး စုစုပေါင်း ၁၈ မျိုးအထိ ပြင်ဆင်တိုးမြှင့် သတ်မှတ်ထားပြီးဖြစ်ပါသည်။ ယင်းသို့ ပြင်ဆင်သတ်မှတ်ပေးခြင်းဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအတွက် အခွန်ငွေ ခွဲဝေသတ်မှတ်မှုအမျိုးအစားနှင့် ပမာဏ ပိုမိုရရှိစေပြီး ယင်းအခွန်ငွေများကို တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးမှန်းခြေငွေစာရင်းတွင် စနစ်တကျ ထည့်သွင်း ရေးဆွဲလျက် မိမိဒေသ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များကို ယခင်ကထက် ပိုမိုဆောင်ရွက် လာနိုင်ကြောင်း တွေ့ရှိရပါသည်။

၉။ ထို့အပြင် စီးပွားရေးကဏ္ဍတွင် ထပ်တိုး ၂ မျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် ထပ်တိုး ၅ မျိုး၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍတွင် ထပ်တိုး ၆ မျိုး၊ စက်မှုလက်မှုကဏ္ဍတွင် ထပ်တိုး ၁ မျိုး၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍတွင် ထပ်တိုး ၅ မျိုး၊ လူမှုရေးကဏ္ဍတွင် ထပ်တိုး ၆ မျိုး၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထပ်တိုး ၂ မျိုး၊ စုစုပေါင်း ၂၅ မျိုးတို့ကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ ဥပဒေပြဋ္ဌာန်း ဆောင်ရွက်ခွင့် အာဏာများ ခွဲဝေပေးထားသဖြင့် ယင်းလုပ်ငန်းများမှ သွယ်ဝိုက်ရရှိလာမည့် အခွန်ငွေများကိုလည်း မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံဆောင်ရွက်ခွင့် ပိုမိုရရှိ လာနိုင်ကြောင်း တွေ့ရှိရပါသည်။

၁၀။ ဇယား(၂)ပါ တိုးချဲ့ထားသောကိစ္စရပ်များအတွက် ပြည်ထောင်စု ဥပဒေ ပြဋ္ဌာန်းရာတွင်ပါရှိပြီးဖြစ်သဖြင့် မိမိဒေသအတွက် လိုအပ်ချက်များကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၌ ပါဝင်သော တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တို့က တင်ပြခြင်း၊ တောင်းခံခြင်း၊ ညှိနှိုင်းခြင်းတို့ဖြင့် ဆောင်ရွက်သွားရန်သာ လိုအပ်ပါသည်။ ဇယား(၂)ပါ တိုးချဲ့ထားသောကိစ္စရပ်များအတွက် လက်ရှိပြဋ္ဌာန်းပြီး ဥပဒေများတွင် မပါရှိသေး ပါကလည်း ပြင်ဆင်သည့်ဥပဒေများ တင်သွင်းခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ဇယား(၅)ပါ အခွန်အခများနှင့်စပ်လျဉ်း၍လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေသို့ပေးသွင်းခြင်း၊ အရအသုံး ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်း၊ ယင်းဘဏ္ဍာရန်ပုံငွေကို မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စနစ်တကျသုံးစွဲခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၁၁။ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အာဏာတည်ခဲ့ပြီးဖြစ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၅/ ၂၀၁၅)အရ အခွန် ကောက်ယူခြင်းနှင့် ပြန်လည် ခွဲဝေခြင်းလုပ်ပိုင်ခွင့်များကို ပြည်ထောင်စုမှလျှော့ချပြီး တိုင်းဒေသကြီး/ ပြည်နယ်များသို့ ပိုမိုတိုးမြှင့်ပေးအပ် ထားခြင်းသည် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများကို တစ်ဆင့်ပြီးတစ်ဆင့် ပိုမို ပီပြင်အောင် ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့ရရှိပိုင်ဆိုင်ထားသော အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချနိုင်ရေးအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့ ကိုယ်စားလှယ်များအဖြစ် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့်သာ မိမိဒေသနှင့် မိမိလူမျိုးတိုးတက်ရေးကို ဆောင်ရွက်သွားသင့်ကြောင်း တွေ့ရှိရပါသည်။ အခွန်ကောက်ခံမှုနှင့် ဘဏ္ဍာငွေခွဲဝေမှုများတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများ အပြည့်အဝရှိစေရေးအတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ခံမှုကို အာမခံနိုင်ရန်အတွက် သီးခြားလွတ်လပ်သော ပြည်သူ့စာရင်းစစ်အဖွဲ့များဖြင့် စစ်ဆေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

အကြံပြုတင်ပြချက်

၁၃။ တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့အစည်းများအနေဖြင့် ဥပဒေနှင့် စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့်သာ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအတိုင်း စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

၁၄။ အခွန်ကောက်ယူရာတွင် အခွန်နှုန်းထားတိုးမြှင့်ကောက်ခံခြင်းထက် အခွန်ကောက်ခံရမည့် နယ်ပယ်ကို တိုးချဲ့ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော ကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် အထူး ဂရုပြု ဆောင်ရွက်သင့်ပါသည်။

၁၅။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအနေဖြင့် ရှိရင်းစွဲအခွန်အရင်းအမြစ်များ ခွဲဝေသုံးစွဲမှု သက်သက်ကိုသာ အဓိကထားဆောင်ရွက်ခြင်းထက် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု စသည့် စီးပွားရေးကဏ္ဍများ ပိုမိုကြီးမားကျယ်ပြန့်လာအောင် အလေးထားဆောင်ရွက်ပြီး အခွန်အရင်းအမြစ်များ တိုးပွားလာအောင် စီမံဆောင်ရွက်သင့်ပါသည်။ အခွန်အရင်းအမြစ်များ တိုးပွားအောင်ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ကုန်ချောအဆင့်ဆင့်ထုတ်လုပ်သည့် လုပ်ငန်းစဉ် (Value Added Production) များကိုလည်း တိုးတက်လာအောင် စီမံဆောင်ရွက်သင့်ပါသည်။

၁၆။ အခွန်ကောက်ခံမှု၊ ဘဏ္ဍာငွေခွဲဝေမှုနှင့်သက်ဆိုင်သောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အားလုံးကို ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းသင့်ပါသည်။

၁၇။ တန်းတူညီမျှမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည့် အခွန်စနစ်နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု စနစ်များ ဖြစ်ထွန်းလာအောင် ဆောင်ရွက်သင့်ပါသည်။

၁၈။ အခွန်တိမ်းရှောင်မှုနှင့် အဂတိလိုက်စားမှုများ မရှိစေရေးအတွက် အခွန်ကောက်ခံသူဝန်ထမ်းများ အပါအဝင် အဂတိလိုက်စားမှုနှင့် ဆက်စပ်သူများကို ပညာပေးခြင်း၊ ထိန်းချုပ်ဟန့်တားခြင်းနှင့် ဥပဒေကြောင်းအရ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်သင့်ပါသည်။

၁၉။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အခွန်ဘဏ္ဍာငွေ ကောက်ခံရရှိမှု အချိုးအစားပမာဏ တူညီမှုမရှိနိုင်သည့်အားလျော်စွာ ပြည်သူလူထု၏ လူမှုစီးပွားဘဝ လိုအပ်ချက်များကို အချိုးညီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နှစ်စဉ်ပြည်ထောင်စုဘဏ္ဍာငွေမှ ခွဲဝေမှုကို လိုအပ်သလို ထိန်းညှိဆောင်ရွက် ပေးသင့်ပါသည်။

နိဂုံး

၂၀။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပါ ပြဋ္ဌာန်းချက်များကို ထဲထဲဝင်ဝင်လေ့လာကြည့်မည်ဆိုပါက တိုင်းဒေသကြီး၊ ပြည်နယ်များအား အဆင့်အတန်းတူညီသော ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်များကို အပြည့်အဝ ပေးထားပြီး၊ ပြည်ထောင်စု(ဖက်ဒရယ်)စနစ်၏ အသွင်သဏ္ဌာန်များကို ထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား အခွန် ဘဏ္ဍာခွဲဝေကောက်ခံမှုနှင့် အခွန်အမျိုးအစားတို့ကိုလည်းကောင်း၊ အခွန်နှုန်းထားများနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများမှ ပြဋ္ဌာန်းနိုင်ခွင့်ရှိသည့် အခွန်နှုန်းထား သတ်မှတ်ချက်များကိုလည်းကောင်း၊ တိကျရှင်းလင်းစွာ သတ်မှတ်ကျင့်သုံးရမည်ဖြစ်ပါသည်။ ထို့အပြင် အခွန်ယဉ်ကျေးမှုနှင့် အခွန်ပေးဆောင်မှု အလေ့အထ အထူးအားနည်းနေသေးသော မြန်မာ့စီးပွားရေးအဆောက်အအုံအတွင်း ပြည်သူများ၏ အခွန် ထမ်းဆောင်မှုကို အသိပညာပေးလုပ်ငန်းများနှင့်ယှဉ်တွဲ၍ ထိရောက်စွာ ပြုပြင်ဆောင်ရွက်သွားသင့်ကြောင်း တင်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများ၊ ဖက်ဒရယ်စနစ်၏သဘောသဘာဝများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံနှင့် တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးများအပေါ် လေ့လာသုံးသပ် ဆွေးနွေးတင်ပြခြင်း

**နိဒါန်း**

၁။ ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံများသည် အဓိကအားဖြင့် တစ်ပြည်ထောင်စနစ်နှင့် ပြည်ထောင်စုစနစ် ဟူသော စနစ်(၂)မျိုးအား ကျင့်သုံးနေကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ တစ်ပြည်ထောင်စနစ်ဆိုသည်မှာ နိုင်ငံ၏အာဏာအားလုံးကို ဗဟိုအစိုးရမှ ချုပ်ကိုင်ထားသော စနစ်ဖြစ်ပြီး ပြည်ထောင်စု(ဖက်ဒရယ်)စနစ်ကမူ ဗဟိုအစိုးရနှင့် ပြည်ထောင်စုဝင် ပြည်နယ်အစိုးရများအကြား အခြေခံဥပဒေက သတ်မှတ်ပေးထားသော စည်းကမ်းဘောင်အတွင်း အာဏာခွဲဝေကျင့်သုံးသည့် စနစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာရပ်များ များစွာပါဝင်နေသည်ကို တွေ့ရှိနိုင်ပါသည်။

**ဖက်ဒရယ်စနစ်၏သဘောသဘာဝများ**

၂။ ကမ္ဘာ့နိုင်ငံများမှာ နိုင်ငံများ၏ ဖွဲ့စည်းပုံစနစ်နှင့်စပ်လျဉ်းပြီး ယေဘုယျအားဖြင့် သတ်မှတ်ထားသည်မှာ-

(က) တစ်ပြည်ထောင်စနစ်။

(ခ) ပြည်ထောင်စုစနစ်တို့ ဖြစ်ပါသည်။ ပြည်ထောင်စုစနစ်(၂)မျိုးရှိရာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ပြည်နယ်များပေါင်းစုပြည်ထောင်စုစနစ် (Federal System)။

(၂) နိုင်ငံများပေါင်းစုပြည်ထောင်စုစနစ် သို့မဟုတ် ပြည်ထောင်ပေါင်းစု ပြည်ထောင်စုစနစ်(Confederation)တို့ဖြစ်ပါသည်။

၃။ ပြည်ထောင်စုစနစ် သို့မဟုတ် ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူညီကွဲပြားနေသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းရာတွင် အချုပ်အခြာအာဏာအား ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားတစ်ရပ်ဖြစ်ပြီး နိုင်ငံများအလိုက် ကွဲပြားခြားနားသော ပထဝီအနေအထားနှင့် သမိုင်းကြောင်းများအပေါ် အခြေခံပြီး ကျင့်သုံးပုံအမျိုးမျိုးရှိကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်.

၄။ ကမ္ဘာပေါ်တွင် ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့် စပ်လျဉ်းပြီး အထင်ရှားဆုံးပညာရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ပါမောက္ခ Ronald Watts မှ ပြည်ထောင်စုနိုင်ငံများ၏ အဓိကကျသော လက္ခဏာများကို အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်-

(က) အနည်းဆုံး အစိုးရအဆင့်နှစ်ဆင့်(နှစ်ရပ်)ရှိပြီး တစ်နိုင်ငံလုံးအတွက် ဆောင်ရွက်သည့် ပြည်ထောင်စု(ဗဟို)အစိုးရနှင့် ဒေသယူနစ်များ(တိုင်းဒေသကြီး၊ ပြည်နယ်များ)အတွက် ဆောင်ရွက်သည့် ဒေသယူနစ် အစိုးရများရှိခြင်း။

(ခ) ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြားသတ်မှတ်ပေးထားခြင်း။

(ဂ) ဘဏ္ဍာရေးနှင့် သဘာဝသယံဇာတများအား အစိုးရနှစ်ရပ်အကြား ခွဲဝေသုံးစွဲမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြားသတ်မှတ်ပေးထားခြင်း။

(ဃ) တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သော လူမျိုးစုလွှတ်တော်(အထက်လွှတ်တော်ဟု ခေါ်ဆိုသည့် မြန်မာနိုင်ငံရှိ အမျိုးသားလွှတ်တော်)တစ်ရပ်ထားရှိခြင်း။

(င) ရေးဆွဲပြဋ္ဌာန်းထားသည့် နိုင်ငံ၏အမြင့်ဆုံး အခြေခံဥပဒေရှိခြင်း။

(စ) အစိုးရများအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်သည့် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ် ထားရှိခြင်းတို့ဖြစ်ပါသည်။

၅။ ပြည်ထောင်စု(ဖက်ဒရယ်)စနစ် စစ်/မစစ်အား ဆန်းစစ်ရမည့် အခြေခံ(၅)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုနှင့် ပြည်နယ်များအကြား အာဏာခွဲဝေပုံ။

(ခ) ရေးဆွဲပြဋ္ဌာန်းထားသည့် အခြေခံဥပဒေ(Written Constitution)ရှိ /မရှိ။

(ဂ) အုပ်ချုပ်ရေးအစိုးရ(၂)မျိုး ရှိ/မရှိ။

(ဃ) တရားရုံးချုပ်စနစ်(၂)မျိုး (ပြည်ထောင်စုတရားရုံးချုပ်၊ ပြည်နယ်တရားရုံးချုပ်) ထားရှိ/မရှိ။

(င) ပြည်ထောင်စုအခြေခံဥပဒေနှင့် ပြည်နယ်အခြေခံဥပဒေ သို့မဟုတ် ပြည်ထောင်စုအခြေခံဥပဒေတွင် ပြည်နယ်များအတွက် ပြဋ္ဌာန်းချက်များ အကျုံးဝင်သည့် အခြေခံဥပဒေမျိုး ရှိ/မရှိ တို့ဖြစ်ပါသည်။

၆။ ပါမောက္ခ Ronald Watts မှ ဖွင့်ဆိုထားသည့် ပြည်ထောင်စုနိုင်ငံများ၏ အဓိကကျသော လက္ခဏာ ၆ ရပ်နှင့် ပြည်ထောင်စု(ဖက်ဒရယ်)စနစ် စစ်/မစစ် ဆန်းစစ်ရမည့်အခြေခံ ၅ ချက်တို့အပေါ် မူတည်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားသော အောက်ဖော်ပြပါ ကဏ္ဍများကို ချိန်ထိုးလေ့လာသုံးသပ်နိုင်မည်ဖြစ်ပါသည်-

(က) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှု။

(ခ) တိုင်းရင်းသားများ၏တန်းတူအခွင့်အရေး။

(ဂ) ဥပဒေပြုရေး၊

(ဃ) အုပ်ချုပ်ရေး၊

(င) တရားစီရင်ရေး။

(ဃ) နိုင်ငံသားများ၏အခွင့်အရေး။

(င) အာဏာခွဲဝေကျင့်သုံးခြင်း။

**နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ**

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၂)၊ ပုဒ်မ ၄၉ တွင် နိုင်ငံတော်ကို တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုနှင့် ပြည်ထောင်စုနယ်မြေများဖြင့် ဖွဲ့စည်းထားရှိပြီး လက်ရှိအခြေအနေတွင် နေပြည်တော်ကောင်စီ နယ်မြေတစ်ခုသာ ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ထားရှိပါသည်။ ထို့အပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၅ ခု ပါဝင်ဖွဲ့စည်းထားပြီး နိုင်ငံတော်၏နယ်နိမိတ်၊ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များ၏နယ်နိမိတ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ နယ်နိမိတ်များကိုလည်းကောင်း၊ အမည်များကိုလည်းကောင်း ပြင်ဆင်သတ်မှတ်ရန်အတွက် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူ စုစုပေါင်း၏ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရလျှင် ပြင်ဆင်သတ်မှတ်ခြင်းမပြုနိုင်ကြောင်း တွေ့ရှိရပါသည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈ တွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ဖော်ပြပါရှိပါသည်၊ ထိုသို့ဖွဲ့စည်းတည်ဆောက်ရာတွင် အဓိကအားဖြင့် ပထဝီအနေအထားကို အခြေခံပြီး တိုင်းဒေသကြီးများကို ဒေသအမည်ဖြင့်လည်းကောင်း၊ ပြည်နယ်များကို လူမျိုးအမည်ဖြင့် လည်းကောင်း ခေါ်ဝေါ်သုံးစွဲသော်လည်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ရောနှောပေါင်းစု နေထိုင်ကြသည်ကို တွေ့နိုင်ပါသည်. မြန်မာနိုင်ငံတွင် အဓိက တိုင်းရင်းသားလူမျိုး အုပ်စုကြီး(၈)အုပ်စုအပြင် တိုင်းရင်းသား လူမျိုးစုများစွာရှိသည့်အတွက် လူမျိုးကိုအခြေခံ၍ တိုင်းဒေသကြီး၊ ပြည်နယ်များ ဖွဲ့စည်းတည်ဆောက် ခြင်းထက် ပထဝီအနေအထားကို အခြေခံ၍ ဖွဲ့စည်းတည်ဆောက်ခြင်းက ပိုမိုသင့်လျော်သောကြောင့် အနာဂတ်နိုင်ငံတော်အားလည်း ပြည်ထောင်စု စနစ်ဖြင့် ဆက်လက်ဖွဲ့စည်းတည်ဆောက်သွားသင့်ပါသည်။

၉။ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပါဝင်သည့် နိုင်ငံတော်ဖွဲ့စည်းပုံကို လေ့လာဆန်းစစ်ရာတွင် ပါမောက္ခ Ronald Watts ၏ ပြည်ထောင်စုနိုင်ငံများ၏အဓိကကျသော လက္ခဏာ များဖြစ်သည့် "ရေးဆွဲပြဋ္ဌာန်းထားသည့် နိုင်ငံ၏အမြင့်ဆုံးအခြေခံဥပဒေရှိခြင်း၊ ဥပဒေပြုရေး နှင့်အုပ်ချုပ်ရေးအာဏာ နှစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်နယ်များအတွက် ပြဋ္ဌာန်းချက်များ အကျုံးဝင်သည့် အခြေခံဥပဒေမျိုး ရှိခြင်း"စသည့်အချက်များနှင့် ကိုက်ညီသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ဖက်ဒရယ် ဝိသေသလက္ခဏာရပ်များ ပါရှိပြီးဖြစ်ကြောင်း သုံးသပ် တွေ့ရှိရပါသည်။

ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်၌ ဥပဒေပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသားလွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ကို ထပ်တူညီမျှ အာဏာပေးအပ်ထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ထူးခြားသောဝိသေသဖြစ်ပြီး ဖက်ဒရယ်စနစ်၏ အနှစ်သာရကို ဖော်ဆောင်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါသည်။

၁၄။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် အစိုးရနှစ်ရပ်ရှိခြင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်အား ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်ဟု ခေါ်ဆိုနိုင်သည့် အမျိုးသား လွှတ်တော် နှစ်ရပ်ထားရှိခြင်း၊ ရေးဆွဲပြဋ္ဌာန်းထားသည့် နိုင်ငံ၏အခြေခံဥပဒေ ရှိခြင်း၊ ပြည်ထောင်စုအခြေခံဥပဒေတွင် ပြည်နယ်များအတွက် ပြဋ္ဌာန်းချက်များ တိကျစွာဖော်ပြထားခြင်းနှင့် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ်များအကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးထားရှိခြင်းတို့ကြောင့် ပါမောက္ခ Ronald Watts ၏ ပြည်ထောင်စု(ဖက်ဒရယ်)နိုင်ငံများ၏ စံနှုန်းများနှင့် ပြည့်ဝကိုက်ညီကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## နိဂုံး

၁၅။ နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် အထက်တွင် တင်ပြခဲ့သည့်အတိုင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ နယ်နိမိတ်တည်တံ့ခိုင်မြဲမှုကို အာမခံချက်ပေးထားခြင်း၊ တိုင်းရင်းသားလူမျိုးများအား တန်းတူအခွင့်အရေးပေးထားခြင်း၊ လူမျိုးစုလွှတ်တော်ဟု ခေါ်ဆိုနိုင်သည့် အမျိုးသားလွှတ်တော်အား ပြည်သူ့လွှတ်တော်နှင့် တန်းတူအခွင့်အရေးပေးထားခြင်း စသည့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေး၊ ဥပဒေပြုရေးများနှင့် စပ်လျဉ်း၍ ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများ ပါဝင်နေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော Institution နှင့် အုပ်ချုပ်ရေးယန္တရားများကို စနစ်တကျ ဖော်ဆောင်သွားသင့်ပါကြောင်း သုံးသပ်တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသလက္ခဏာများမှ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့အပေါ် ဆွေးနွေးတင်ပြခြင်း

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် မြန်မာနိုင်ငံ၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနယ်မြေများ အလိုက် ရရှိနိုင်မည့်အခွင့်အရေးများနှင့် လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စု (ဖက်ဒရယ်) စနစ်သဘောသဘာဝများနှင့်အညီ ပြည့်စုံစွာပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါသည်။ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်များဆိုင်ရာ ပြဋ္ဌာန်းချက်များသည်လည်း ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့်ကိုက်ညီနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

### ဥပဒေပြုရေး

၂။ ပြည်ထောင်စု(ဖက်ဒရယ်)အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့တွင် ဥပဒေပြုရေး အာဏာခွဲဝေပေးထားခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စု လွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စုတစ်ဝန်းလုံးအတွက် သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေပြုခွင့်ရှိသည်။ ပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်သည် ဇယား ၂ ၌ ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံး အတွက်သော်လည်းကောင်း တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေပြုခွင့်ရှိသည်။ ပုဒ်မ ၁၉၆ အရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား ဇယား ၃ တွင် ဖော်ပြထားသော ဥပဒေပြုခွင့်အာဏာများကို ခွဲဝေအပ်နှင်းထားကြောင်းတွေ့ရှိရပါသည်။

၃။ ဖက်ဒရယ် နိုင်ငံအများစုတွင် ကြွင်းကျန်သောအာဏာ (Residual power) ကိုမည်သည့်အဆင့်သို့ အပ်နှင်းသည်ကို ထည့်သွင်းဖော်ပြလေ့ရှိသည်။ ယင်းကိစ္စရပ်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်ပါသည်-

(က) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်း လိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ် သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင် နေလျှင် ဖွဲ့စည်းပုံအခြေခံပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်။

၄။ အထက်ပါတင်ပြချက်များအရ ပြည်ထောင်စု(ဖက်ဒရယ်)နိုင်ငံတော်တည်ဆောက်ပုံတွင် မရှိမဖြစ် အရေးကြီးဆုံးနှင့် ဘုံအကျဆုံး ဝိသေသလက္ခဏာတစ်ရပ်ဖြစ်သည့် ပြည်ထောင်စု(ဖက်ဒရယ်) အဆင့်က မည်သည့်ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများကို တာဝန်ယူဆောင်ရွက်မည်၊ တိုင်းဒေသကြီး၊ ပြည်နယ်များက မည်သည့်ဥပဒေ ပြုရေးနှင့် အုပ်ချုပ်ရေးအာဏာများကို တာဝန်ယူဆောင်ရွက်မည်ဆိုသည့် နယ်ပယ်ပိုင်းခြား သတ်မှတ်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ထို့အပြင် ဥပဒေများ၏လွှမ်းမိုးမှု (Supremacy of Law) သဘောတရားအရ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စု လွှတ်တော်ကပြဋ္ဌာန်းသည့်ဥပဒေ၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုများက ပြဋ္ဌာန်းသည့်ဥပဒေများသည် တစ်ခုနှင့်တစ်ခု ကွဲလွဲဆန့်ကျင်နေပါက ဥပဒေ များ၏ အစီအစဉ်အတိုင်း လိုက်နာရမည့်ဥပဒေများကို သတ်မှတ်ပေးထားခြင်း၊ ပါမောက္ခ Ronald Watts ၏အဆိုအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြား သတ်မှတ်ပေးထားခြင်းဆိုသည့် ဝိသေသလက္ခဏာနှင့်ကိုက်ညီကြောင်း တွေ့ရှိရသဖြင့် ဖက်ဒရယ် စနစ်နှင့် ကိုက်ညီကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**အုပ်ချုပ်ရေး**

၅။ ဖက်ဒရယ်စနစ်များတွင် ပြည်ထောင်စုကို ဖွဲ့စည်းထားသော တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ကန့်သတ်ပေးထားသော အတိုင်းအတာအတွင်း အကြုံးဝင်သည့် အခြေခံဥပဒေတို့ဖြင့် အုပ်ချုပ်မှုအာဏာကို သတ်မှတ်ကျင့်သုံးကြကြောင်း တွေ့ရှိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအဆင့် အစိုးရအဖွဲ့အစည်းများကို မည်သို့မည်ပုံ ဖွဲ့စည်းရမည်၊ မည်သို့မည်ပုံလုပ်ငန်းဆောင်ရွက်ရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ နှင့် ပုဒ်မ ၂၇၆ တို့တွင် ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါသည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ (ခ)၊ (ဂ)နှင့် ပုဒ်မ ၂၆၂ (ဆ) (၂) တို့အရ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးသောစီရင်စုများရှိ တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် နိုင်ငံတော်ရှိ လူဦးရေစုစုပေါင်း၏ ၀. ၁ ရာခိုင်နှုန်းနှင့် အထက်ရှိသော ကျန်တိုင်းရင်းသားလူမျိုးများကိုလည်း လွှတ်တော်များတွင် ရွေးကောက်ခံ၍ ကိုယ်စားပြုခွင့် ပေးထားသည်ကို တွေ့ရှိရပြီး ၎င်းကိုယ်စားလှယ်များသည် သက်ဆိုင်ရာအစိုးရအဖွဲ့အသီးသီးတွင် တိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ပါဝင်နိုင်ရန်အခွင့်အရေးပေးထားကြောင်းတွေ့ရှိရပါသည်။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆ (ခ) နှင့် ပုဒ်မ၂၇၁ (ခ) တို့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့ကို သက်ဆိုင်ရာဝန်ကြီးချုပ်နှင့် လွှတ်တော်အတည်ပြုချက်ဖြင့် ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရပါသည်။

၈။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၅၁၊ ပုဒ်မ၂၅၆၊ ပုဒ်မ၂၅၇ နှင့် ပုဒ်မ၂၅၈ တို့အရ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒေသဆိုင်ရာ အစိုးရဌာနများဖွဲ့စည်းခြင်း၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများအား ကြီးကြပ် စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ သက်ဆိုင်ရာ လွှတ်တော်များက ချမှတ်သောအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးအပ်ထားကြောင်း တွေ့ရှိရပါသည်။

၉။ အထက်ပါတင်ပြချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များအဖြစ် အစိုးရနှစ်ရပ်ဖွဲ့စည်းဆောင်ရွက်ခွင့်ပေးထားခြင်း၊ ဘဏ္ဍာရေးနှင့် သဘာဝသယံဇာတများအား အစိုးရနှစ်ရပ်အကြား ခွဲဝေသုံးစွဲမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပိုင်းခြားသတ်မှတ်ပေးခြင်း၊ အစိုးရများအကြား အငြင်းပွားမှုများကို

ဖြေရှင်းပေးနိုင်သည့် အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ထားရှိခြင်းတို့ကြောင့် ဖက်ဒရယ်စနစ်၏ ဝိသေသ လက္ခဏာများနှင့် ကိုက်ညီကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသော တိုင်းရင်းသားများ နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် လူဦးရေအချိုးစားကိုက်ညီလျှင်လည်း ရွေးကောက်ခံ၍ တိုင်းရင်းသားရေးရာ ဝန်ကြီးများအဖြစ် အခွင့်အရေး ပေးထားခြင်းမှာ ထူးခြားသည့် ဝိသေသတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**တရားစီရင်ရေး**

၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၊ ပုဒ်မ၃၀၅၊ ပုဒ်မ၃၀၆ နှင့် ပုဒ်မ ၃၀၈ တို့တွင် ပြဋ္ဌာန်းထားသည်မှာ တရားစီရင်ရေး စနစ် သီးခြားထားရှိထားပြီး တရားစီရင်ရေးအာဏာကို ပြည်ထောင်စု၏ အစိတ်အပိုင်းများ အသီးသီးသို့ ခွဲဝေအပ်နှင်းထားကြောင်းနှင့် ဥပဒေဆိုင်ရာမူဘောင်အနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများ အားလုံးက ပြည်ထောင်စု၏တစ်ခုတည်းသော တရားစီရင်ရေးစနစ်အတိုင်းသာ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၅ နှင့် ပုဒ်မ ၃၁၄ တို့တွင် ပြဋ္ဌာန်း ထားသည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များသည် တရားစီရင်ရေးအဆင့်ဆင့်ရှိ တရားရုံးများအား ကြီးကြပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးထားပြီး တရားလွှတ်တော်ချုပ်အတွက် အထွေထွေလုပ်ပိုင်ခွင့်ကို ဖော်ပြထားခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း တရားလွှတ်တော်ချုပ်သည် အယူခံမှုများအားလုံးအတွက် အပြီးအပြတ် အယူခံရာတရားရုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၆ နှင့် ပုဒ်မ ၃၂၀ တို့တွင် ပြဋ္ဌာန်းထားသည်မှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ဆောက်ရွက် နိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို သီးခြားဖွဲ့စည်းထားရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ အထက်ပါတင်ပြချက်များအရ တရားစီရင်ရေးပိုင်းတွင်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များထားရှိခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို သီးခြားဖွဲ့စည်းထားရှိသဖြင့် ဖက်ဒရယ်စနစ်နှင့် ကိုက်ညီကြောင်း သုံးသပ်တွေ့ရှိရပါသည်။

## နိဂုံး

၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)သည် ဖက်ဒရယ်စနစ်၏ လက္ခဏာများဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာများကို ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအား အသီးသီးခွဲဝေအပ်နှင်းထားခြင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအဖြစ် အစိုးရ အဆင့်ဆင့် ဖွဲ့စည်းထားခြင်း၊ တရားစီရင်ရေးစနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ကို သီးခြားစီစစ်ဆေးစီရင်စေသည့် အာဏာများခွဲဝေပေးထားခြင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းနိုင်ခြင်း စသည့်အချက်များကြောင့် ပြည်ထောင်စု(ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီစွာပြဋ္ဌာန်းထားပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

2/9/2016 Attemson

ကန့်သတ်

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွါ တိမ်းရှောင်သူများ (IDPs) ကိစ္စရပ်များ

နေပြည်တော်
၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်

ကန့်သတ်

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)ကိစ္စရပ်များ

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | **နိဒါန်း** | ၁ | ၁ |
| ၂ | **ရည်ရွယ်ချက်** | ၁ | ၁ |
| ၃ | **ချမှတ်သင့်သော မူဝါဒများ** | ၁ | ၁ |
| ၄ | **အဓိပ္ပါယ်ဖွင့်ဆိုချက်များ** | | |
| | (က) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs) | ၂ | ၂ |
| | (ခ) ပြန်လည်နေရာချထားရေး | ၂ | ၂ |
| | (ဂ) ပြန်လည်ထူထောင်ရေး | ၂ | ၂ |
| ၅ | **စောင့်ကြည့်ခြင်းနှင့် စိစစ်အတည်ပြုခြင်း** | ၂ | ၂ |
| ၆ | **ပြန်လည်နေရာချထားပေးခြင်း** | | |
| | (က) မြေမြှုပ်မိုင်းများ ရှင်းလင်းပေးခြင်း | ၃ | ၃ |
| | (ခ) မြေနေရာသတ်မှတ်ခြင်း၊ အိမ်ရာဆောက်လုပ်ပေးခြင်း | ၃ | ၃ |
| | (ဂ) လယ်ယာနှင့် အိုးအိမ်ခြံမြေ ပိုင်ဆိုင်မှုများ ဖော်ထုတ်ပေးခြင်း | ၃ | ၃ |
| | (ဃ) လုံခြုံရေး၊ ရာဇဝတ်မှုမဖြစ်ပွားရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်း | ၃ | ၃ |
| | (င) NGOs, INGOs ၏ အကူအညီများ | ၃ | ၃ |
| ၇ | **ထောက်ပံ့ရေးနည်းစနစ်** | | |
| | (က) လူမှုစီးပွားဘဝ မူလအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း(ကာလတို) | ၄ | ၄ |
| | (ခ) မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း(ကာလရှည်) | ၄ | ၄ |
| ၈ | **ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးခြင်း** | ၄ | ၄ |
| ၉ | **နိဂုံး** | ၄ | ၅ |

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)ကိစ္စရပ်များ

**နိဒါန်း**

၁။ ယခုဆွေးနွေးတင်ပြမည့် **"ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ"**တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (Internally Displaced Persons-IDPs)၏ အရေးကိစ္စရပ်များကို အဓိကထား တင်ပြသွားမှာဖြစ်ပါသည်။ နိုင်ငံရေးပြဿနာနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူ(IDPs)များ ဖြစ်ပေါ်ခဲ့ရာ တရားဥပဒေစိုးမိုးသော နယ်မြေဒေသအတွင်း ပြောင်းရွှေ့နေထိုင်သူများနှင့် တရားဥပဒေစိုးမိုးမှုမရှိသော နယ်စပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်သူများဟူ၍ နှစ်ပိုင်းတွေ့ရမည် ဖြစ်ပါသည်။

၂။ ပဋိပက္ခနယ်မြေအတွင်း သက်ရောက်မှုခံရသော ဒေသများမှ ပြည်သူတို့၏ လူမှုဒုက္ခများကို ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုကို များစွာအထောက်အကူပြုစေမည် ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်သူများအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့်အညီ ဖြစ်စေပြီး လူမှုစီးပွားဘဝ ရပ်တည်နိုင်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်သည်အထိ ဆောင်ရွက်ပေးရန်။

**ချမှတ်သင့်သော မူဝါဒများ**

၄။ အောက်ပါ မူဝါဒများအတိုင်း ချမှတ်ဆောင်ရွက်သင့်သည်-

(က) NGO, INGOs, Donors များအနေဖြင့် လူသားချင်းစာနာထောက်ထားမှု (Humanitarian Assistance) အကူအညီပေးရေးကို အကြောင်းပြု၍ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေး စွက်ဖက်မှုမရှိစေရန်။

(ခ) မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန် (No One Left Behind)။

(ဂ) ဘက်လိုက်မှု၊ ခွဲခြားမှုမရှိစေရန် (Neutrality and Impartiality)။

(ဃ) ပွင့်လင်းမြင်သာမှု (Transparency)၊ တာဝန်ယူမှု၊ တာဝန်ခံမှု(Accountability)ရှိရန်။

(င) IDPs အရေအတွက်များ တဖြည်းဖြည်း လျော့နည်းသွားစေရန်နှင့် အချိန်ကာလတစ်ခုတွင် လုံးဝပပျောက်သွားစေရန်။

(စ) NGO/INGOs အဖွဲ့အစည်းများအားလုံး ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရန်။

**အဓိပ္ပါယ်ဖွင့်ဆိုချက်များ**

၅။ **ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ(IDPs)။** နိုင်ငံ၏ မည်သည့်နေရာဒေသတွင် ဖြစ်စေ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုကြောင့် အသက်အန္တရာယ် ရှင်သန်ရပ်တည်ရေးအတွက် နေရပ်ဒေသအား စွန့်ခွာ၍ လုံခြုံမှုရှိသော ပြည်တွင်းနယ်မြေအသီးသီးသို့ တိမ်းရှောင်ခိုလှုံလျက်ရှိသော တိုင်းရင်းသားအားလုံး အကျုံးဝင်ပါသည်။ တစ်ဘက်နိုင်ငံမှ ခိုးဝင်လာသူများ၊ ပင်လယ်ပြင်လှေစီးဒုက္ခသည်များ၊ တစ်ဘက်နိုင်ငံရောက် ဒုက္ခသည်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ယာယီခိုလှုံသူများအား ထည့်သွင်း စဉ်းစားခြင်း မပြုပါ။

၆။ **ပြန်လည်နေရာချထားရေး။** ပစ်ခတ်တိုက်ခိုက်မှုများ သဘောတူရပ်စဲပြီးနောက် မူလနေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရန်နှင့် လူနေမှုဘဝအခြေအနေ ပုံမှန်ပြန်လည်ရောက်ရှိ စေရန်အတွက် နှစ်ဘက်တပ်များ ပူးပေါင်းဖြေရှင်းမှု၊ ကူညီထောက်ပံ့မှုဆိုင်ရာများကို ထောက်ခံအားပေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းဆိုင်ရာအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ အစီအမံများ ရေးဆွဲခြင်းတို့ကို စနစ်တကျစီမံခြင်းနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၇။ **ပြန်လည်ထူထောင်ရေး။** ပစ်ခတ်တိုက်ခိုက်မှုများကို နှစ်ဘက်သဘောတူရပ်စဲပြီးနောက် IDPs များ အနေဖြင့် မူလနေထိုင်ရာ အရပ်ဒေသများသို့ လည်းကောင်း၊ အခြားသင့်လျော်ရာ သတ်မှတ်ပေးသည့် နေရာများသို့ လည်းကောင်း၊ ပြန်လည်ဝင်ရောက်နေထိုင်ရာတွင် အိမ်ရာများ၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးခြင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်အစီအမံများဖြင့် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းတို့ကို ဆိုလိုပါသည်။

**စောင့်ကြည့်ခြင်းနှင့် စိစစ်အတည်ပြုခြင်း**

၈။ အောက်ပါအတိုင်းဆောင်ရွက်သွားပါမည်-

(က) စောင့်ကြည့်ခြင်းနှင့် စိစစ်အတည်ပြုခြင်းအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးမှ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့အား စနစ်တကျဖွဲ့စည်းရပါမည်။

(ခ) ပဋိပက္ခများကြောင့် အမှန်တကယ်နေရပ်စွန့်ခွာလာသူများ ဟုတ်/မဟုတ်၊ ၎င်းဒေသအတွင်း အမှန်တကယ်နေထိုင်ခဲ့သူများ ဟုတ်/မဟုတ် စိစစ်ရပါမည်။

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ ပြန်လည်နေရာချထားရေးနှင့် ရပိုင်ခွင့်များအပေါ် မသက်ဆိုင်သူများမှ အခွင့်အရေးယူ အမြတ်ထုတ်မှုများ မရှိစေရေးအတွက် ရရှိသည့် သတင်း အချက်အလက်စာရင်းဇယားများအပေါ် မူတည်၍ တိုက်ဆိုင်စိစစ် ဖော်ထုတ်ရပါမည်။

**ပြန်လည်နေရာချထားပေးခြင်း**

၉။ **မြေမြှုပ်မိုင်းများ ရှင်းလင်းပေးခြင်း**

(က) မိုင်းရှင်းလင်းရမည့်နေရာများ ဖော်ထုတ်သတ်မှတ်ခြင်း။

(ခ) မိုင်းရှင်းလင်းမည့် အချိန်ကာလသတ်မှတ်ခြင်း။

(ဂ) မိုင်းရှင်းရာတွင် ပါဝင်မည့်တပ်ဖွဲ့များသတ်မှတ်ခြင်း။

(ဃ) မိုင်းရှင်းလင်းရန် လိုအပ်သော စက်ကိရိယာနှင့် အထောက်အကူပစ္စည်းများ အသုံးပြုခြင်း။

(င) မိုင်းရှင်းပြီးနယ်မြေနှင့် ရှင်းလင်းမှုမပြုရသေးသည့် နယ်မြေများကို ခွဲခြားသတ်မှတ်ခြင်း။

(စ) မိုင်းအသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၁၀။ **မြေနေရာသတ်မှတ်ခြင်း၊ အိမ်ရာဆောက်လုပ်ပေးခြင်း။** မူလနေထိုင်ခဲ့သည့် မြေနေရာများအား ဖော်ထုတ်ပေးခြင်း၊ မြေနေရာများအား ကွင်းဆင်းလေ့လာ၍ စိစစ်မှတ်တမ်းတင်ခြင်း၊ မြေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် အိမ်ရာဆောက်လုပ်ပေးရမည့်သူများစာရင်းအား အတည်ပြုသတ်မှတ်ခြင်း၊ အိမ်ရာနှင့်ကျေးရွာများအား စံချိန်စံနှုန်းများနှင့်အညီ တည်ဆောက်ခြင်းတို့ကို သတ်မှတ်အချိန်ဇယားများအတိုင်း စီမံဆောင်ရွက်ပေးရပါမည်။

၁၁။ **လယ်ယာနှင့် အိုးအိမ်ခြံမြေပိုင်ဆိုင်မှုများ ဖော်ထုတ်ပေးခြင်း။** IDPs များ ပိုင်ဆိုင်ခဲ့သည့် လယ်ယာ၊ ဥယျာဉ်၊ ကိုင်းကျွန်း၊ ခြံမြေ၊ အိုးအိမ်နှင့်အခြားသော ပိုင်ဆိုင်မှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် စိစစ်စာရင်းကောက်ယူခြင်း၊ ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ပြီးနောက် မူလပိုင်ရှင်များ လက်ဝယ်သို့ အထောက်အထားများနှင့်အတူ လွှဲပြောင်းပေးအပ်ရပါမည်။

၁၂။ **လုံခြုံရေး၊ ရာဇဝတ်မှုမဖြစ်ပွားရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်း။** သက်ရောက်မှုနယ်မြေအတွင်း သက်ဆိုင်ရာ အာဏာပိုင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပါဝင်သော စောင့်ကြပ်ကြည့်ရှုရေးကော်မတီများဖွဲ့စည်း၍ လုံခြုံရေး၊ ရာဇဝတ်မှုမဖြစ်ပွားစေရေး၊ အတင်းအဓမ္မခိုင်းစေမှု၊ လူသစ်စုဆောင်းမှုများ မရှိစေရေး အပါအဝင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရပါမည်။

၁၃။ **NGOs, INGOs၏ အကူအညီများ။** IDPs များအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ NGOs နှင့် INGOs အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ထို့သို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရပါမည်။ NGOs, INGOs အဖွဲ့အစည်းများတွင် လူမျိုးရေး၊ ဘာသာရေးကို အခြေခံ၍ ဆောင်ရွက်သောအဖွဲ့အစည်းများ၊ ဘာသာရေးအကြောင်းပြချက်ဖြင့် မိမိဘာသာဝင်များကိုသာ အခွင့်အရေးပေး ခွဲခြားဆောင်ရွက်ခြင်းမျိုး မပါဝင်ရေး သတိပြုဆောင်ရွက်ရပါမည်။

**ထောက်ပံ့ရေးနည်းစနစ်**

၁၄။ **လူမှုစီးပွားဘဝ မူလအခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ပေးခြင်း (ကာလတို)**။ ငွေကြေး ထောက်ပံ့ခြင်း၊ စားနပ်ရိက္ခာအပါအဝင် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ နည်းပညာထောက်ပံ့ ပေးခြင်းတို့ကို စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ပေးရပါမည်။ အနည်းဆုံး တစ်နှစ်သတ်မှတ်၍ ထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။ ရပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦများဖြစ်သည့် လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံ ဆေးပေးခန်း၊ ဘာသာရေးအဆောက်အဦများ၊ ဖျော်ဖြေရေးအဆောက်အဦများ၊ အားကစားကွင်းများအား ယာယီအသုံးပြုနိုင်ရန် ဆောင်ရွက်ပေးရပါမည်။

၁၅။ **မူလအခြေအနေထက်သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း (ကာလရှည်)**။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်နိုင်ရန် မိသားစုအလိုက် ဝင်ငွေတိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးရပါမည်။ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းသစ်များကို ဖန်တီးပေးပြီး ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်မှသာ လုပ်ငန်းစဉ်များ ပြီးမြောက်ပါမည်။ ရပ်ပိုင်းဆိုင်ရာ ထူထောင်ရေးဖြစ်သော အခြေခံအဆောက်အအုံများ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရပါမည်။

**ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးခြင်း**

၁၆။ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း။

(ခ) ပညာရေးမြှင့်တင်မှုလုပ်ငန်း။

(ဂ) လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ။

(ဃ) အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းနှင့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်း။

(င) စစ်ပွဲနှင့်မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါစွန့်လွှတ်ရသူများ၊ ကူးစက်ရောဂါသည်နှင့် နာတာရှည်ရောဂါသည်များအား စောင့်ရှောက်ပေးခြင်း။

(စ) လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အဓမ္မလူသစ်စုဆောင်းမှု မခံရရေး ကာကွယ်ပေးခြင်း။

(ဆ) အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း။

(ဇ) စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးခြင်း။

(ဉ) အချိန်ဇယားရေးဆွဲသတ်မှတ်ခြင်း။

**နိဂုံး**

၁၇။ IDPs များ ပြန်လည်နေရာချထားရေးကိစ္စသည် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် ပူးတွဲညှိနှိုင်း ဆောင်ရွက်ရမည့်လုပ်ငန်းရပ် ဖြစ်ပါသည်။ IDPs များ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးနှင့်

လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးပါက ပုံမှန်အခြေအနေသို့ ရောက်ရှိခြင်း ရှိ/မရှိအား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ လိုက်လံစစ်ဆေးရမည်။ ပုံမှန်အခြေအနေသို့ အမှန်တကယ်ရောက်ရှိပြီး ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။ DDR/SSR လုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော်နိုင်ခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခများ လုံးဝချုပ်ငြိမ်းပြီး နေရပ်စွန့်ခွာတိမ်းရှောင်မှုများသည်လည်း အဆုံးသတ်သွားမည် ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပါရှိသည့် ဖက်ဒရယ်စနစ်၏ ဝိသေသ လက္ခဏာများမှ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အာဏာ ခွဲဝေကျင့်သုံးခြင်းတို့အား ဆွေးနွေးတင်ပြခြင်း

**နိဒါန်း**

၁။ နိုင်ငံသားများ၏ အခွင့်အရေးနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၈)၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များခေါင်းစဉ်အောက်တွင် ပုဒ်မ ၃၄၅ မှ ပုဒ်မ ၃၉၀ အထိ သတ်မှတ် ပြဋ္ဌာန်းထားပါသည်။

**နိုင်ငံသားများ၏ အခွင့်အရေး**

၂။ နိုင်ငံသားအားလုံးသည် တရားဥပဒေရှေ့မှောက်တွင် တူညီသော အခြေခံရပိုင်ခွင့်များ၊ လွတ်လပ်ခွင့်နှင့် တရားဥပဒေ၏ အကာအကွယ်ရရှိရေးနှင့် စပ်လျဉ်း၍ နိုင်ငံသားများ၏မူလ အခွင့် အရေးများ နစ်နာဆုံးရှုံးမှုအတွက် နိုင်ငံသားတိုင်းသည် မိမိတို့ကိုပေးအပ်ထားသည့် အခွင့်အရေးများ ဆုံးရှုံး နစ်နာသည်ဟု ထင်မြင်ခဲ့ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်များ လျှောက်ထား တောင်းခံ နိုင်ပါသည်။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပုဒ်မ ၃၅၀၊ ၃၅၁၊ ၃၅၂ တို့အရ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ အခွင့်အရေးနှင့် လစာ ခံစားခွင့်ရှိပြီး မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ပေးအပ်ထားကြောင်း တွေ့ရှိရသည်။

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ပုဒ်မ ၃၅၈ နှင့် ၃၅၉ တို့အရ ကျေးကျွန်ပြုမှုနှင့်လူကုန်ကူးမှုများ၊ အဓမ္မစေခိုင်းခြင်းများကို ဥပဒေဖြင့် တားမြစ်ပေးထားကြောင်း တွေ့ရှိရသည်။

၅။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅၄ အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်-

- (က) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်။
- (ခ) ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်။
- (ဂ) အသင်းအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်ခွင့်။
- (ဃ) တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ မလေ့ထုံးစံနှင့် ကိုးကွယ်သည့် ဘာသာသာသနာကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်။

၆။ နိုင်ငံသားများအနေဖြင့် နစ်နာမှု တစ်စုံတစ်ရာရှိပါက ဒေသဆိုင်ရာ အာဏာပိုင်၊ ပြည်ထောင်စုအဆင့် အာဏာပိုင်များနှင့် လွှတ်တော်အသီးသီးအပြင် နိုင်ငံတော်သမ္မတအထိ တင်ပြတိုင်ကြားခွင့်ရှိခြင်း၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကိုလည်း တိုင်တန်းနိုင်ခြင်းစသည့် အခွင့်အရေးများလည်း ရှိပြီး ဖြစ်ပါသည်။

၇။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ တွင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စေရေး၊ တိုင်းရင်းသား များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သည့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထား ရှိပါသည်။

၈။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၆ နှင့်ပုဒ်မ ၃၆၇ တွင် နိုင်ငံသားတိုင်းအား ပညာသင်ကြားပိုင်ခွင့်နှင့် ကျန်းမာရေး စောင့်ရှောက်မှု ခံယူနိုင်ခွင့်ကို ပေးအပ်ထားသည်။ပုဒ်မ ၃၇၀ တွင်လည်း စီးပွားရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ကို ပေးအပ်ထားပြီးဖြစ်ပါသည်။

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဥပဒေအရ အခွင့်အရေးပေးထားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းတို့ဖြင့် အပြည့်အဝ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့် ဒီမိုကရေစီ စံနှုန်းများအတိုင်း ပြည့်မီမှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**အာဏာခွဲဝေကျင့်သုံးခြင်း**

၁၀။ အခြေခံဥပဒေပုဒ်မ ၁၁(က) တွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့်တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားပါသည်။ပုဒ်မ ၁၁(ခ)တွင် ထိုသို့ပိုင်းခြား ထားသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းသည်ဟု ပြဋ္ဌာန်းထားပါသည်။ပုဒ်မ ၁၉၉ (က)နှင့်(ခ)တို့တွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား ခွဲဝေအပ်နှင်းထားသည်ကို တွေ့ရှိနိုင်ပါသည်။ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအကြား အာဏာခွဲဝေရေးနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြည်ထောင်စု (ဖက်ဒရယ်) စနစ်၏ မူလသဘောတရား များကိုအခြေခံပြီး ပြည်ထောင်စုစနစ်ကို ပိုမိုပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြင်ဆင်သည့် ဥပဒေဖြင့် ဇယား ၂ တွင် လုပ်ငန်းကဏ္ဍ ၃၄ ရပ်နှင့် ဇယား ၅ တွင် လုပ်ငန်း ကဏ္ဍ ၂၀ ရပ်တို့ကို ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်နိုင်သည့်အခွင့် အာဏာကို တိုးမြှင့်ခွဲဝေ ပေးထားပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၁။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၌ ပါဝင်သော တိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ်တို့က ဇယား ၂ နှင့် ဇယား ၅ ပါ တိုးချဲ့ထားသော ကိစ္စရပ်များအတွက် ပြည်ထောင်စုဥပဒေပြဋ္ဌာန်းရာတွင် ပါရှိပြီး မိမိဒေသအတွက် ပိုမိုရရှိစေရန်တင်ပြခြင်း၊ တောင်းခံခြင်း၊ ညှိနှိုင်းခြင်းတို့ ဆောင်ရွက်နိုင်သည့်အပြင် ဇယား ၂ နှင့် ဇယား ၅ ပါ တိုးချဲ့ထားသော ကိစ္စရပ်များသည် လက်ရှိပြဋ္ဌာန်းပြီး ဥပဒေများတွင် မပါရှိသေးပါကလည်း ပြင်ဆင်သည့် ဥပဒေများတင်သွင်းခြင်းဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။

၁၂။ သို့ပါ၍ အာဏာခွဲဝေသုံးစွဲမှုနှင့် သယံဇာတ၊ အခွန် အကောက်မျှတစွာခွဲဝေ သုံးစွဲနိုင်ရေးအတွက် ပြဋ္ဌာန်းထားသော်လည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချို့ယွင်းချက်၊ အားနည်းချက်နှင့် ခေတ်ကာလနှင့်လျော်ညီမှု မရှိတော့သည့် ပြဋ္ဌာန်းချက်များရှိပါက အခြေခံဥပဒေနှင့်အညီ ပြင်ဆင်နိုင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်သင့်ကြောင်း ကိုလည်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အခန်း(၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို ဥပဒေအရ အခွင့်အရေးပေးထားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တားမြစ်ခြင်း၊ အရေးယူခြင်းတို့ဖြင့် အပြည့်အဝ တိကျစွာ ပြဋ္ဌာန်းထားပါသည်။ ယင်းပြဋ္ဌာန်းချက်များသည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများနှင့် ဒီမိုကရေစီ စံနှုန်းများအတိုင်း ပြည့်မီမှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို ပါမောက္ခ Ronald Watts ၏ ပြည်ထောင်စု (ဖက်ဒရယ်)စနစ်နှင့်ပတ်သက်၍ ဖွင့်ဆိုချက်များနှင့် ချိန်ထိုးကြည့်ပါက ပြည်ထောင်စု(ဗဟို)အစိုးရနှင့် ဒေသ ယူနစ်အစိုးရများရှိခြင်း၊ ဥပဒေပြုရေးတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်အား ပိုင်းခြားပေးထားခြင်း၊ ဘဏ္ဍာရေးနှင့် သယံဇာတများအား အစိုးရနှစ်ရပ် အကြား ခွဲဝေသုံးစွဲမှုကို ပိုင်းခြားသတ်မှတ်ပေးထားခြင်း၊ ရေးဆွဲပြဋ္ဌာန်းထားသည့် အခြေခံဥပဒေရှိခြင်းတို့ကြောင့် ဖက်ဒရယ်စနစ်၏ ဝိသေသ လက္ခဏာများနှင့် ကိုက်ညီကြောင်း တွေ့ရှိရပါသည်။

၁၅။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)အရ တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စု ဝိသေသ လက္ခဏာများကို ရရှိပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ရရှိ ပိုင်ဆိုင်ထားသော ဖွဲ့စည်းပုံအရ ပေးအပ်ထားသည့် အခွင့်အရေးများကို ထိထိရောက်ရောက် အသုံးချပြီး ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ် အဖြစ် ကိုယ်တိုင်ပါဝင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ခြင်း ဖြင့်သာ မိမိဒေသ၊ မိမိလူမျိုး တိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။